# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၅၁ ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
## (၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ကို နံနက် ၁၀း၀၅ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးကဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀ း ၀၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၅၁ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၃.၉၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့မှာ ခွင့်ပန်ကြားလာသူ စုစုပေါင်း ၁၀ ဦး ရှိပါ တယ်ခင်ဗျား။ ယခင်နေ့က ကြိုတင်ခွင့်ပြုသည့် ပန်ကြားထားသူအားလုံး ၁၄ ဦးဖြစ်တဲ့အတွက် စုစုပေါင်း ၂၄ ဦး ခွင့်ပန်ကြားထားရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပါသဖြင့် ခွင့်ပြုနိုင်ပါရန် တရားဝင်စာဖြင့်တင်ပြထားကြသော ကိုယ်စားလှယ် ၁၀ ဦးရဲ့အမည်စာရင်းများကို ဖတ်ကြားတင်ပြပါမယ်-

(၁) ခင်ဦးမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးခင်မောင်ရွှေသည် နေမကောင်းပါသဖြင့် ယနေ့ နိုဝင်ဘာလ ၂၄ ရက်အား ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊

(၂) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းသည် နေမကောင်းပါသဖြင့် နိုဝင်ဘာလ ၂၄ ရက် ယနေ့အား ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊

(၃) တောင်သာမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးအောင်သောင်းသည် မိမိကိုယ်တိုင် ဆောင်ရွက် ရမည့်ကိစ္စရှိနေပါသဖြင့် ယနေ့ နိုဝင်ဘာလ ၂၄ ရက်အား ခွင့်တစ်ရက် အဖြစ်လည်းကောင်း၊

(၄) ရမည်းသင်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးမြင့်စိုးသည် ၎င်း၏သမီးကျန်းမာရေး မကောင်းပါသဖြင့်ပြုစုရန်အတွက် နိုဝင်ဘာလ ၂၄ ရက် ယနေ့အား ခွင့်တစ်ရက် အဖြစ်လည်းကောင်း၊

(၅) ဖာဆောင်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးရဲထွဋ်တင်သည် ကျန်းမာရေးမကောင်း ပါသဖြင့် ယနေ့ နိုဝင်ဘာလ ၂၄ ရက်အား ခွင့်တစ်ရက်အဖြစ် လည်းကောင်း၊

(၆) မြစ်ကြီးနားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်သည် မိမိကိုယ်တိုင် ဆောင်ရွက်ရမည့်ကိစ္စရှိပါသဖြင့် နိုဝင်ဘာလ ၂၄ ရက် ယနေ့တစ်ရက်အား ခွင့်အဖြစ်လည်းကောင်း၊

(၇) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ်သည် နေမကောင်းပါသဖြင့် နိုဝင်ဘာလ ၂၄ ရက် ယနေ့အား ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊

(၈) ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင် သည် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်အတွက် နိုဝင်ဘာလ ၂၄ ရက် ယနေ့အား ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊

(၉) ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မင်းသည် ၎င်း၏အစ်မဖြစ်သူနာရေးကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့တစ်ရက်အား ခွင့်အဖြစ် လည်းကောင်း၊

(၁၀) ကျောက်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်ဆင်လ်(ခ) ဦးဆောင်ဆီသည် နိုင်ငံခြားသို့တာဝန်ခရီးစဉ်အဖြစ်ထွက်ခွာရန်ရှိပါသဖြင့် နိုဝင်ဘာလ ၂၄ ရက်နှင့် နိုဝင်ဘာလ ၂၅ ရက်အား ခွင့်နှစ်ရက်အဖြစ်လည်းကောင်း သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် စုပေါင်းတင်ပြအပ်ပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ပြီးမြောက်အောင်ဆောင်ရွက်ဖို့ရည်ရွယ်ထားပါတယ်။ သို့ရာတွင် ဆွေးနွေးချက်ပေါ်မူတည်ပြီးတော့ အချိန်ကိုတော့ ပြန်လည်ခွဲဝေအသုံးပြုသွားမှာဖြစ်ကြောင်း ကြိုတင်တင်ပြပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော ''မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း''နှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆက်လက်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အစည်းအဝေး ၅၀ ရက်မြောက်နေ့မှာ ဖြန့်ဝေထားတဲ့ ပြင်ဆင်ချက်အမှတ်စဉ် ၁၄ ၊ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် ၄ အထိဆွေးနွေးအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ယခုကျန်ရှိတဲ့ပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး ဆက်လက်ဆောင်ရွက်သွားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ဖြည့်စွက်ချက်အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ) နဲ့ (ဃ)သည် ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ရဲ့ဖြည့်စွက်ချက် အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ) နဲ့ (ဃ)အောက်တွင် အပိုဒ်ခွဲ(င)အသစ်ဖြည့်စွက်ရန်နှင့်စပ်လျဉ်းပြီး မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးအပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနဲ့ပတ်သက်ပြီးတော့ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်အဖြစ် အခန်း(၄)၊ အပိုဒ် ၁၀ အောက်မှာ အပိုဒ်ခွဲငယ်(င)အဖြစ် ကျွန်တော်ကအဆိုသစ်တင်သွင်းထားပါတယ်။ အဲ့ဒီအဆိုကတော့ ဒေသခံပြည်သူများ၏ အိမ်၊ ခြံလုပ်ငန်းခွင်တို့တွင် အသုံးပြုရန်အလို့ငှာ ထင်း၊ သစ်၊ ဝါး၊ နွယ်စသည်တို့အားရယူနိုင်ရန်နှင့် ကျွဲ၊ နွားစသည့် တိရစ္ဆာန်များသွားလာကျက်စားနိုင်ရန်အတွက် ကျေးရွာဥပစာနယ်နိမိတ်မှ သုံးမိုင်ပတ်လည်ဧရိယာအတွင်းရှိ မြေများသည် ဤဥပဒေနှင့်မသက်ဆိုင်စေရဆိုပြီးတော့ ကျွန်တော်အဆိုအသစ်ဖြင့်ဖြည့်စွက်ထားပါတယ်။ ဒါကဘာဖြစ်လို့လဲဆိုတော့ ထိုဒေသခံတွေရဲ့ လူမှုစီးပွားဘဝတွေကိုကာကွယ်ပေးဖို့အတွက်ဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေနဲ့ ဒေသခံတွေရဲ့အကြားမှာ ပဋိပက္ခတွေမရှိစေဖို့အတွက်ဖြစ်ပါတယ်။ တစ်ဖက်မှာ လုပ်ငန်းရှင်ကြီးတွေက နယ်တွေကိုလာပြီးတော့ မြေလွတ်၊ မြေရိုင်းတွေကိုဖော်ထုတ်ပြီးတော့ နိုင်ငံတော်ရဲ့ ကုန်ထုတ်စွမ်းအားကိုတိုးတက်စေအောင် လုပ်ဆောင်တာကိုကြိုဆိုရမယ်ဖြစ်ပေမယ့် ဒေသခံတောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကိုထိခိုက်နစ်နာစေမယ်ဆိုရင်တော့ ဥပဒေနဲ့ပြဋ္ဌာန်းကာကွယ်ရမှာဖြစ်ပါတယ်။ နိုင်ငံခြားသားလုပ်ငန်းရှင်ကြီးတွေ ကျွန်တော်တို့နိုင်ငံကိုလာပြီးတော့ မြေတွေကိုသိမ်းကျုံးပြီးတော့ပိုင်ရှင်ခံသွားမှာကို ကျွန်တော်တို့စိုးရိမ်သလိုပဲ မြို့ပေါ်ကလုပ်ငန်းရှင်ကြီးတွေ ရွာအနီးအနားက မြေတွေကိုပိုင်ရှင်လာခံမှာကို ဒေသခံတွေကကြောက်ကြပါတယ်။ မြေလွတ်၊ မြေရိုင်းလျှောက်ထားသူတွေ၊ လုပ်ငန်းရှင်တွေက အဲ့ဒီနေရာကို ခြေတောင်ချဖူးတဲ့သူတွေမဟုတ်ပါဘူး။ ဒေသခံတွေကလည်း ဒီလူတွေကို ဖြူသလား၊ မဲသလားလို့တောင် မြင်ဖူးကြတာမဟုတ်ပါဘူး။ လုပ်ငန်းရှင်တွေက ငွေရှိတယ်။ ပေါက်ရောက်တယ်။ ဥပဒေကိုသိတယ်ဆိုတော့ မြေပုံထဲမှာ လက်ထောက်ပြီး ဒါလေးလုပ်ပေးပါ။ ဒါလေးလိုချင်တယ်ဆိုတာနဲ့ကိစ္စပြီးပါတယ်။ ဒီတော့ ဘယ်လိုပြဿနာတွေဖြစ်လာသလဲဆိုရင် ဒီလျှောက်ထားတဲ့မြေတွေပေါ်မှာ ဒေသခံတွေရဲ့ မိရိုးဖလာဘိုးဘွားမိဘလက်ထက်ကတည်းက ဓားမဦးချလုပ်စားလာတဲ့မြေတွေပါသွားတယ်။ နေ့စဉ်ဘဝအတွက် မှီခို

အားထားနေရတဲ့ ရွာအနီးအနားကတောတွေ၊ တောင်တွေပါသွားတယ်။ ဒီတော့ မြေဂရန်ယူတဲ့သူ လုပ်ငန်းရှင်တွေနဲ့ ဒေသခံတွေအကြားတွေမှာ ထိပ်တိုက်တွေ့ရတယ်။ ဒေသခံတွေအဖို့လည်း ထင်း၊ နွယ်၊ သစ်၊ ဝါး ဒါတွေကိုရဖို့အတွက် ဒီတောကိုမဝင်လို့မရဘူး။ မခုတ်လို့မရဘူး။ သူတို့ရဲ့ ကျွဲ၊ နွားတွေကို ဒီနေရာမှာလွှတ်မကျောင်းလို့မရနိုင်ပါဘူး။ တစ်သက်လုံး ဒီတော၊ ဒီတောင်တွေကို ဘယ်သူမှအပိုင် မခံဘဲ၊ ရွာဘုံထားပြီး ဒီလိုပဲလုပ်စားလာကြပါတယ်။ အခုတော့ ပိုင်ရှင်ပေါ်လာပြီ။ ဘာမှတောင် မစိုက်ရသေးဘူး။ ဆိုင်းဘုတ်တွေကိုချိတ်ဆွဲပြီးတော့ ထင်းမခွေရ၊ သစ်မခုတ်ရ၊ နွားမကျောင်းရ၊ မကျူးကျော်ရဆိုပြီးတော့ သူတို့ကတားတာပါ။ ဒါဆို ရွာသားတွေကမျက်စိလည် ကုန်ရော။ သစ်မခုတ်ရ၊ မခုတ်လို့မရဘူး။ ခုတ်တယ်ကွာ။ ခုတ်တော့တိုင်တယ်။ တိုင်တော့ရဲက ဖမ်းတယ်။ ပိုက်ဆံတောင်းတယ်။ ရုံးရောက်၊ ဂတ်ရောက်ဖြစ်ကြပါတယ်။ ဒါတွေနိုင်ငံတော်မှာ တကယ့်လက်တွေ့ဖြစ်နေကြပါတယ်။ ဒီတော့ ဒေသခံတွေမှာလည်းသေမထူး၊ နေမထူးဆိုတဲ့ စိတ်ဓာတ်တွေဝင်လာတယ်။ လုပ်ငန်းရှင်နဲ့ ဒေသခံအကြားမှာ ထိပ်တိုက်တွေ့လာတယ်။ စိုက်ခင်းတွေကို ကျွဲတွေ၊ နွားတွေ အုပ်စုလိုက်လွှတ်ပြီး ဖျက်ဆီးပစ်လိုက်တယ်။ ရာဘာခင်းတွေကို မီးရှို့ကြတယ်။ ဒီလိုနဲ့ တုံ့ပြန်လိုက်ကြတော့နောက်ဆုံးမှာ အကုန်လုံးပဲဒုက္ခရောက်ကြရပါတယ်။ ဒါတွေဟာကျွန်တော်တို့နယ်တွေမှာ တကယ့်လက်တွေ့ခံစားနေရတဲ့ပြဿနာဖြစ်ပါတယ်။ ဒါတွေဘာ့ကြောင့်ဖြစ်လာရသလဲ ဆိုတော့ မြေကြီးတွေကိုသိမ်းချီပြီးတော့ ပိုင်ရှင်ခံထားတဲ့လုပ်ငန်းရှင်ကြီးတွေက ဒီရွာသားတွေအဖို့ မရှိမဖြစ်လိုအပ်တဲ့ရွာဝန်းကျင်က မြေတွေကိုလည်းအလွတ်မထားနိုင်တဲ့လောဘကြောင့်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောဘဆိုတာ အတောသတ်ဖို့ခက်ခဲပါတယ်။ လူတစ်ဦးတစ်ယောက် ကြီးပွားဖို့အတွက် လူပေါင်းများစွာရဲ့ဘဝတွေကိုစတေးရတယ်ဆိုတာအဓိပ္ပာယ်မရှိပါဘူး။ မဖြစ်သင့်တဲ့ ကိစ္စဖြစ်ပါတယ်။ ဥပဒေရဲ့ဟာကွက်တွေ၊ အားနည်းချက်တွေကို ကျွန်တော်တို့ကကြည့်နေကြမယ်ဆိုရင် လူတွေဒုက္ခရောက်ကြမယ်ဆိုရင် ဒီဟာကွက်၊ အားနည်းချက်တွေကို ကျွန်တော်တို့က ဥပဒေပြဋ္ဌာန်းပြီးတော့ ပြန်ပြီးတော့ကုစားရမှာဖြစ်ပါတယ်။ ဥပဒေအသစ်တွေကို အများပြည်သူတွေကိုကာကွယ်ဖို့ အတွက် ပြည်သူတွေရဲ့ငိုရှိုက်သံတွေ၊ ငြီးတွားသံတွေ၊ တောက်ခေါက်သံတွေကို ကျွန်တော်တို့က မကြားချင်ယောင်ဆောင်နေလို့မရပါဘူးခင်ဗျား။ ဒါ့ကြောင့် အဲ့ဒီလိုနေမယ်ဆိုရင် ကျွန်တော်တို့က တာဝန်မကျေတဲ့ ပုဂ္ဂိုလ်တွေဖြစ်သွားကြပါလိမ့်မယ်။ ဒါ့ကြောင့် ကျွန်တော်တို့က ပြည်သူတွေရဲ့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့ဆောင်ပုဒ်နှင့်အညီ အခု ကျွန်တော်တင်သွင်းတဲ့ ဒေသခံပြည်သူတွေရဲ့ အိမ်၊ ခြံ၊ မြေလုပ်ငန်းခွင်တို့တွင် အသုံးပြုနိုင်ရန်အလို့ငှာ ထင်း၊ သစ်၊ ဝါး၊ နွယ် စသည်တို့အားရယူနိုင်ရန်အတွက် ကျွဲ၊ နွားတိရစ္ဆာန်များအား သွားလာကျက်စားနိုင်ရန်အတွက်

ကျေးရွာဥပစာနဲ့ နယ်နိမိတ်သုံးမိုင်ပတ်လည်ဧရိယာအတွင်းရှိ မြေများကို ဥပဒေနှင့်မသက်ဆိုင်စေရဆိုတဲ့ ဒီပြင်ဆင်ချက်လေးကိုဒီဥပဒေမှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမှာပါဝင်နိုင်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်အားလုံးကလည်း ဝိုင်းဝန်းပြီးကူညီပံ့ပိုးကြပါလို့ ပြောကြားရင်းကျွန်တော်နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုကိုယ်စားလှယ်ရဲ့သဘောထားသိလိုပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှတင်ပြတဲ့ အခန်း(၄)၊ အပိုဒ် ၁၀(ဂ)နဲ့ပတ်သက်ပြီးတော့တင်ပြချက်မှာ ကျေးရွာ ဥပစာနယ်နိမိတ်သုံးမိုင်ပတ်လည်အတွင်းရှိမြေများကို ဤဥပဒေနှင့်မသက်ဆိုင်စေရလို့အဆိုပြုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော့်ရဲ့တင်ပြချက်မှာတင်ပြလိုတာက သုံးမိုင်ပတ်လည်သည်များစွာကျယ်ဝန်းပါတယ်။ ဒေသဖွံ့ဖြိုးမှုအခြေအနေ၊ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေမှု အခြေအနေတို့ပေါ်မူတည်ပြီးတော့ စဥ်းစားသင့်တယ်လို့ယူဆပါတယ်။ သို့အတွက်ကြောင့် တစ်သမတ်တည်းသတ်မှတ်ခြင်းမျိုး မဖြစ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဲ့ဒီတော့ ပြည်ထောင်စုဒုဝန်ကြီးက တစ်သမတ်တည်း မသတ်မှတ်သင့်ဘူးဆိုရင် ဘယ်လိုဖြစ်စေ ချင်တာလဲ။ ဘယ်လိုသဘောရှိတာလဲ။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။အမှန်မှာတော့ ကျွန်တော်တို့ အစိုးရကခွင့်ပြုထားတဲ့ဥပဒေနဲ့အညီ အခြားလုပ်ငန်းတွင် အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းခွင့်ပြုနိုင်သည်လို့ပဲဖြစ်သင့်တယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကို ကျွန်တော်ရည်ညွှန်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။ ဒါကြောင့် ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ် တင်ပြချက်ကလည်း ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေ ၊ အတွေ့အကြုံတွေပေါ်မူတည်ပြီးတင်ပြတာဖြစ်တဲ့အတွက် ပြည်သူများဘက်ကလည်း အလေးအနက်ထားစဥ်းစားရမယ့်ကိစ္စလည်းဖြစ်ပါတယ်။ ကျွန်တော်တို့တာဝန်ရှိတဲ့နေရာမှာ ရှိနေခဲ့တုန်းကလည်း ဒီကိစ္စမျိုးများစွာကြုံတွေ့ရပါတယ်။ ဒါကြောင့် မဲပဲခွဲပါမယ်။ ဦးဖေသန်း၊ ပြည်သူ့လွှတ်တော်ဘက်က ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်သူရှိက မတ်တတ်ရပ်ပါ။ ဦးဖေသန်းရဲ့ အဆိုကို ကန့်ကွက်မဲ ၁၀၇ မဲ ။ ကြားနေမဲက ၁၁၆ မဲ။ ထောက်ခံမဲက ၁၄၇ မဲ ။ ဒါကြောင့်မို့လို့

ဦးဖေသန်းရဲ့အဆိုကိုထောက်ခံတာက ၁၄၇ မဲဖြစ်ပြီးတော့ ကန့်ကွက်က ၁၀၇ မဲဖြစ်တဲ့အတွက် ဦးဖေသန်းရဲ့အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဦးဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ခုတင်ပြခွင့်ပြုပါခင်ဗျား။ ဦးဖေသန်းရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ကျေးရွာရဲ့ပတ်ဝန်းကျင်မှာ မြေချန်ထားဖို့ဆိုတာကိုကျွန်တော်တို့ လက်ခံပါတယ်ခင်ဗျား။ ထောက်လည်းထောက်ခံခဲ့ပါတယ်။ သုံးမိုင် အစားကို တစ်မိုင် သို့မဟုတ် နှစ်မိုင် စဉ်းစားပေးပါ။ ဦးဖေသန်းကိုမေတ္တာရပ်ခံပါတယ်ခင်ဗျား။ တကယ်တမ်းလက်တွေ့မှာ အခက်အခဲဖြစ်နိုင်လို့ တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒါဦးဖေသန်းကို ပြန်လည်မေတ္တာရပ်ခံလိုတာပါ။ ကျန်တာလည်းလက်ခံပါတယ်ခင်ဗျား။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော့်အနေနဲ့ တင်ပြချင်တာက ကိုယ်စားလှယ်ကြီး ဦးဖေသန်းတင်ပြတာကလက်တွေ့မှာ တောင်သူလယ်သမားများအခက်အခဲတွေ့တာအမှန်တကယ်ပါပဲ။ ကျွန်တော်သူ့ဟာကိုဘာလို့ ကန့်ကွက်ရလဲဆိုရင် သုံးမိုင်ဆိုတဲ့ Space သတ်မှတ်ချက်သည် ဆီလျော်ညီညွတ်မှု ကောင်းမှာဖြစ်ပါတယ်ခင်ဗျား။ တစ်မိုင်လည်းဖြစ်ရင်ဖြစ်မယ်။ ငါးမိုင်လည်းဖြစ်ရင်ဖြစ်မယ်။ အဲ့ဒီမှာ ပြောင်းလွယ်ပြင်လွယ်ရှိတဲ့ ကျေးရွာသူကျေးရွာသားများကို မထိခိုက်မယ့်ဥပစာကိုသတ်မှတ်ပေးရမယ်လို့ Clause လေးတစ်ခု ထည့်လိုက်ရင် ငါးမိုင်လည်းဖြစ်ရင်ဖြစ်သွားမယ်။ တစ်မိုင်လည်း ဖြစ်ရင်ဖြစ်သွားမယ်။ ဒါကြောင့် အဲ့ဒီလိုပြောင်းလွယ်၊ ပြင်လွယ်ရှိမယ့်အချက်ကလေးတစ်ချက်ထည့်နိုင်မယ်ဆိုရင် ကျွန်တော်တို့က ပိုပြီးတော့မှလူထုအတွက် ပိုမိုပြီးတော့မှထိရောက်ပြီးတော့ အကျိုးရှိနိုင်မယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဦးဖေသန်းရဲ့ သုံးမိုင်ဆိုတာကတော့ကန့်ကွက်ပါတယ်။ နောက်ပြီးတော့မှ ရွာသူရွာသားများအတွက် ချန်ထားပေးမယ်ဆိုတာတော့လက်ခံပါတယ်။ ဒါလေးကို တင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ချိန်ထိုးပြီးတော့မှ ဒီအဆိုကိုတင်ပြချင်ပါတယ်။ ပထမဆုံးတစ်ခုကတော့ မြေတွေအားလုံးသည် ရွာမြေပဲဖြစ်ဖြစ်၊ ကျန်တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းပဲဖြစ်ဖြစ် မြေအားလုံးသည် နိုင်ငံတော်က ပိုင်ဆိုင်တာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ ပတ်သက်တဲ့ဥပဒေတွေလုပ်တိုင်း၊ လုပ်တိုင်းမှာ ဒီဥစ္စာကို တရားဝင်အတည်တကျဖြစ်အောင် ချန်လှပ်တယ်ဆိုတဲ့စကားသည် မသင့်လျော်ဘူးလို့ပဲ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ သို့သော်လည်းပဲ ကိုယ်စားလှယ်တော်ကြီးဦးဖေသန်း တင်ပြတယ်ဆိုတဲ့ အချက်သည်လည်း တကယ်လိုအပ်ချက်ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို

ဒီထဲမှာ ဥပဒေထဲမှာမထည့်ဘဲနဲ့ နည်းဥပဒေထဲမှာပဲဖြေလျှော့ပြီးတော့မှ ထည့်မယ်ဆိုရင်တော့ ပိုပြီး သင့်တော်မယ်လို့ထင်ပါတယ်။ နောက်တစ်ချက် ကျွန်တော်တင်ပြချင်တာကတော့ ဒီမြေလွတ်၊ မြေရိုင်းနဲ့ပတ်သက်လို့ အတည်ပြုပေးတယ်ဆိုတဲ့နေရာမှာ ကိုယ်စားလှယ်တော်ကြီး ဦးဖေသန်း အနေနဲ့ကတော့ စိုက်ပျိုးမြေဆိုတဲ့ကိစ္စကိုပဲ သူအလေးထားပြီးတင်ပြတာဖြစ်ပါတယ်။ ဒါကြောင့် ဒီမြေ တွေနဲ့ပတ်သက်လို့ စိုက်ပျိုးမြေအတွက်ပေးမယ်ဆိုရင်တော့ ခုနကပြောသလိုပဲ ရွာအတွက်ချန်လှပ် ပေးမယ်ဆိုတာမှန်ပါတယ်။ သို့သော်လည်းပဲ မြေလွတ်၊ မြေရိုင်းမှာ ပြည်ထဲရေးကနေပြီးတော့မှ တင်ပြ တဲ့မြို့ရွာမြေတွေလည်းရှိပါတယ်။ မြို့ရွာမြေတွေဖြစ်တယ်ဆိုရင်တော့ မြို့ရွာတွေတိုးချဲ့တယ်ဆိုတဲ့ ဥစ္စာသည် ခုနတုန်းက သုံးမိုင်အတွင်းမှာမပေးရဘူးဆိုတဲ့ဥစ္စာနဲ့ဆိုလို့ရှိရင်တော့ မြို့ရွာတိုးချဲ့လို့ မရတော့ဘူးလို့ဖြစ်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့တိုင်း၊ ရွာတိုင်းဟာသူနဲ့ ဆက်စပ်တဲ့ နယ်နိမိတ်မှာပဲတိုးချဲ့ရတာဖြစ်ပါတယ်။ အဲ့ဒီတိုးချဲ့ရတဲ့ကိစ္စကိုလည်း ကျွန်တော်တို့ ပြည်ထဲရေးက တင်တဲ့အချိန်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းသည် ဒါကိုစဉ်းစားပြီးတော့မှ ဆောင်ရွက်ပေးရတာ ဖြစ်တဲ့အတွက် တကယ်လို့များ သုံးမိုင်အတွင်းကိုဘာမှမလုပ်ရဘူးဆိုရင် တိုးချဲ့တဲ့မြို့ရွာတွေဟာ နှစ်ခြမ်းကွဲသွားမယ့်သဘောဖြစ်ပါတယ်။ ဒါကြောင့် ဒီဥစ္စာကိုလည်းပဲ အလေးအနက်ထားပြီး စဉ်းစား သင့်တယ်လို့ကျွန်တော်ထင်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်တော်ကြီး ဦးဖေသန်း စိုးရိမ်တဲ့ ဘေးနားကမြေတွေကို ကွဲ ၊ နွားစားကျက်တွေဖြစ်အောင်ဆိုတဲ့ဥစ္စာနဲ့ပတ်သက်လို့တော့ နည်းဥပဒေ မှာပဲ ဒီဥစ္စာကိုသတ်သတ်မှတ်မှတ်ထားပြီးတော့မှ ဆောင်ရွက်ပေးသင့်တယ်လို့လည်း ကျွန်တော့်အနေ နဲ့တင်ပြလိုပါတယ်။ ဒုတိယတစ်ခုကတော့ သုံးမိုင်ဆိုတဲ့ဥစ္စာနဲ့ပတ်သက်လို့လည်း တကယ်တော့ ကိုယ်စားလှယ်ကြီး ဦးသိန်းဆွေပြောသွားတဲ့အတိုင်းပါပဲ။ ရွာသေးရင် သုံးမိုင်ဖြစ်နိုင်သော်လည်းပဲ ရွာကြီးရင် သုံးမိုင်မဖြစ်နိုင်ပါဘူး။ ဘာလို့ဆိုရင် ကျွဲနွားတွေများတယ်ဆိုရင် သူ့ထက်ပိုပြီးများတာ ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းနဲ့ပတ်သက်လို့ ဥပဒေတွေ ထဲမှာလည်း ဘာပါပြီးသားလည်းဆိုတော့ တတ်နိုင်သလောက် ကွဲနွားစားကျက်တွေ၊ ရွာပိုင် စိုက်ခင်းတွေကိုရှောင်ရမယ်ဆိုတဲ့ဥစ္စာလည်း ပါပြီးသားဖြစ်ပါတယ်။ ဒါကြောင့် ဒီစိုက်ခင်းတွေရဲ့ အရေအတွက်သည် သုံးမိုင်ဆိုတဲ့ဥစ္စာအစား သင့်တော်တဲ့ပမာဏကို လုပ်ထုံးလုပ်နည်းမှာထည့်မယ် ဆိုရင်တော့ ပိုပြီးသင့်တော်မယ်လို့ကျွန်တော်ထင်ပါတယ်။ တစ်သမတ်တည်း ဥပဒေထဲမှာပဲ ဒီသုံး မိုင်ကိုပေးလိုက်မယ်ဆိုရင် သံရုံးမြေလိုဖြစ်သွားပါလိမ့်မယ်။ အခြားနိုင်ငံပိုင်မြေလိုဖြစ်သွားပြီး ဒီရွာပိုင်မြေ သီးခြားပိုင်မြေဖြစ်သွားတဲ့သဘောမျိုးဆိုရင် ဒါမသင့်တော်ဘူးလို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဒါကြောင့် ဥပဒေထဲမှာတော့ သုံးမိုင်ပတ်လည်တို့ဘာတို့ မထည့်ဘဲနဲ့နည်းဥပဒေမှာတော့

ဒီရွာတွေနဲ့ ရွာသားတွေရဲ့ အခက်အခဲတွေကိုစဉ်းစားပြီးတော့မှ ထည့်ပေးမယ်ဆိုရင်ပိုပြီး အဆင်ပြေမယ်လို့ ကျွန်တော့်အနေနဲ့တင်ပြခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ဦးဖေသန်းအဆိုနဲ့ပတ်သက် ပြီးတော့ ကျွန်တော်တို့လွှတ်တော်ထဲမှာ ကောင်းမြတ်တဲ့အစဉ်အလာလေးတစ်ခုဖြစ်စေချင်ပါတယ်။ အဲဒါကတော့ ဥက္ကဋ္ဌကြီးက မဲမခွဲခင်မှာ မိမိရဲ့ပြင်ဆင်ချက်မှန်သမျှကိုတင်ကြပါ။ ပြောကြပါ။ နိုင်ငံတကာမှာပဲ ကြည့်ကြည့်၊ ကျွန်တော်တို့ အရင်လွှတ်တော်ထုံးတမ်းအစဉ်အလာမှာပဲ ကြည့်ကြည့်၊ လွှတ်တော်ဥက္ကဋ္ဌက မဲခွဲပြီးနောက်မှာမှ ပြင်ဆင်မှုအဆိုတွေကို တင်လာတာကို ဥက္ကဋ္ဌကြီးအနေနဲ့ လက်သင့်မခံဘဲနဲ့ပယ်ချပေးပါလို့ ကျွန်တော်လေးစားစွာ လွှတ်တော်ရဲ့ဂုဏ်သိက္ခာအရ တင်ပြပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုတစ်ကြိမ်တော့ ပြန်လည်ဆွေးနွေးသုံးသပ်ခွင့်ပြုမယ်။ ဦးသိန်းညွန့် တင်ပြတဲ့ကိစ္စကို အခုကျွန်တော်ဆွေးနွေးတဲ့အခါမှာ ဒီကိစ္စကိုကျွန်တော်ပြောဖို့ အစီအစဉ်ရှိပြီးသားပါ။ သို့ရာတွင် လွှတ်တော်ရဲ့အတွေ့အကြုံနဲ့ အစဉ်အလာကိုလည်း ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များအတွေ့အကြုံနည်းသလို အစဉ်အလာလည်း မရှိတဲ့အတွက် မသိတာလည်း ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မနေ့ကဆိုလို့ရှိရင်လည်း နောက်ကြောင်းပြန်ပြီးတော့ ကျွန်တော် တို့က ပြန်ပြီးတော့မေးမြန်းပြီးတော့ မဲခွဲရတဲ့သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ အချိန်တွေလည်း ပိုပြီးကြာပါတယ်။ ဒီနေ့ ဒီကိစ္စနဲ့ပတ်သက်လို့ နောက်ဆုံးလွှတ်တော်ရဲ့ နိဂုံးချုပ်၊ ဒီနေ့ နိဂုံးချုပ်မှာ ဒီကိစ္စလေး ကျွန်တော်ပြောဖို့ရှိပါတယ်။ အခုတော့ ဦးသိန်းညွန့်ဘက်က ကြိုတင်ပြောလာတဲ့အတွက် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့ရဲ့တာဝန်သည် ဥပဒေပြုရေးတာဝန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တင်ပြလာတဲ့ဥပဒေကြမ်းကိုသေသေချာချာဖတ်ပြီးတဲ့အခါမှာ ဒီခန်းမထဲရောက်လို့ရှိရင် ဆွေးနွေးနိုင်ဖို့ပြင်ဆင်ဖို့လိုပါတယ်။ အခုကျတဲ့အခါကျတော့ ကြိုတင်ဖြန့်ဝေထားတဲ့ဥပဒေကြမ်းတွေကို ဖတ်ရှုမှုရှိချင်ရှိမယ်။ သို့သော် စိစစ်ဖတ်ရှုတဲ့နေရာမှာတော့အားနည်းမှုရှိတဲ့အတွက် ပြင်ဆင်ချင်တဲ့ ကိစ္စတွေကို ကြိုတင်ပြင်ဆင်ဖို့ရက်သတ်မှတ်ပေးထားသော်လည်း တင်ပြလာခြင်းမရှိဘဲနဲ့ လွှတ်တော် ထဲရောက်မှ ဆွေးနွေးနေခြင်းဟာ လွှတ်တော်ရဲ့ဂုဏ်သိက္ခာကော၊ လွှတ်တော်ရဲ့အချိန်ကိုမလိုအပ်ဘဲ ပေးရတာအင်မတန်မှန့်မြောဖို့ကောင်းပါတယ်။ ဒါကြောင့်မို့လို့ ခုနက ဦးသိန်းညွန့်တင်ပြတဲ့ကိစ္စ ကျွန်တော်ဒီနေ့နိဂုံးမှာပြောဖို့ထဲက အပိုဒ်တစ်ပိုဒ်ကို ကြိုတင်ရှင်းပြခြင်းဖြစ်ပါတယ်။ သို့ရာတွင် တင်ပြလာမှုတွေဟာလည်း ဆီလျော်မှန်ကန်တဲ့အတွက် ဒီဥပဒေကြမ်းပေါ်လေ ဥပဒေကြမ်းကိစ္စနဲ့

ပတ်သက်ပြီးတော့ ကျွန်တော်ထင်မြင်ယူဆတာပြောပါမယ်။ ဒီကိစ္စကို တရားသေသတ်မှတ်၊ တရားသေဆိုတာ ဥပဒေပြုပြီးလို့ရှိရင်တော့ ဥပဒေအတိုင်းလိုက်နာရပါမယ်။ အဲဒီလိုသတ်မှတ်မယ့် အစား နည်းဥပဒေနဲ့ အဆင့်ဆင့်သောဥပဒေများမှာ ကျေးရွာသူ၊ ကျေးရွာသားများမထိခိုက်မနစ်နာ စေဖို့အတွက် စဉ်းစားသုံးသပ်ပြီးတော့ ထည့်ပေးမယ်ဆိုတဲ့ဟာကတော့ အင်မတန်မှမှန်ကန် သင့်တော်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာဆုံးဖြတ်ချက်တော့မပြင်ဘူး။ သို့ရာတွင် ခုနက စာသားကိုတော့ပြင်မယ်။ စာသားကဘာလဲ၊ ဦးဖေသန်းတင်ပြချက်သည် သင့်လျော်မှန်ကန် သော်လည်း ဥပဒေထဲမှာထည့်သွင်းဆောင်ရွက်သင့်တဲ့ ကိစ္စမဟုတ်ဘဲနဲ့ နည်းဥပဒေနဲ့ အဆင့်ဆင့် သော ထွက်ပေါ်လာတဲ့ဥပဒေမှာပါရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက အလေးထားလိုက်နာ ဆောင်ရွက်ဖို့လိုတယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ဒီလွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဥပဒေရဲ့အစဉ်အလာ၊ လွှတ်တော်ရဲ့ဂုဏ်သိက္ခာကို လေးစားရမှာ မှန်သော်လည်း မိမိတို့ရဲ့လုပ်ဆောင်မှုလိုအပ်တယ်၊ လွဲမှားတယ်ဆိုလို့ရှိရင်လည်း ရဲရဲဝံ့ဝံ့ပြန်ပြင်ဖို့ လိုတယ်ဆိုတာကိုလည်း လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်နဲ့တကွ ကျန်တဲ့လွှတ်တော် ကိုယ်စားလှယ်များလည်း သိရှိခံယူဖို့လိုပါတယ်။ ဂုဏ်သိက္ခာ၊ ဂုဏ်သိက္ခာကိုပဲအလေးထားပြီးတော့ မှားတဲ့ဟာကို ပြန်ပြီးတော့မပြင်နိုင်ဘူး။ မပြင်ရဲဘူးဆိုတဲ့ သတ္တိမရှိဘူးဆိုလို့ရှိရင်လည်း ဂုဏ်သိက္ခာ ထက်ပိုပြီးတော့ ကြီးမြတ်တဲ့ကိစ္စတွေ ဆုံးရှုံးသွားနိုင်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ မမေ့ဖို့ လိုပါတယ်။

**ဥက္ကဋ္ဌ**။ ။စာမျက်နှာ ၉၊ အမှတ်စဉ် ၁၆၊ အခန်း(၄) အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုချက်မပေးတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်၊

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ ဒီနေရာမှာ အခန်း(၄)မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များဆိုတဲ့နေရာမှာ အပိုဒ် ၁၀ ပါ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက်ခွင့်ပြုသည့်အခါ မြေဧရိယာနှင့်စပ်လျဉ်း၍ ဆိုထားပါတယ်။ အဲ့ဒီတော့ စိုက်ပျိုးမွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ်နေတဲ့ဆိုတာက စိုက်ပျိုး မွေးမြူရေးနဲ့ ဆက်နွယ်တာဆိုလို့ရှိရင်တော့ အခုနအပိုဒ် (ဂ) နဲ့ (ဃ) က အကျုံးမဝင်ဘူးလို့ယူဆ ပါတယ်။ ဒါကြောင့်မို့လို့ ဒါပယ်ဖျက်ပေးဖို့ပါ။ မူလအတိုင်းပဲထားဖို့ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့

ကျွန်တော်ကစိုက်ပျိုးမွေးမြူရေးနဲ့ ယင်းနဲ့ဆက်နွယ်လျက်ရှိသောစီးပွားရေးလုပ်ငန်းအတွက် အဲဒါဆို လို့ရှိရင်တော့ ကျွန်တော်တို့က ခုနအပိုဒ် (ဂ) နဲ့ (ဃ) က စိုက်ပျိုးမွေးမြူရေးနဲ့ မသက်ဆိုင်ဘူး လို့ယူဆပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။၄၊ ၁၀၊ (ဂ) နဲ့ (ဃ) ပါခင်ဗျ။ (ဂ) နဲ့ (ဃ) က ဒီမှာ အခန်း (၄)၊ အပိုဒ် ၁၀ မှာဆိုထားတဲ့ဟာနဲ့ ကွာဟနေလို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲ ကွာဟချက်ကိုဖတ်ကြားပါ။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ အဲ့ဒီမှာ ကျွန်တော်တို့ အခန်း(၄)မှာ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍သတ်မှတ်ချက်များ အပိုဒ် ၁၀၊ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများကို စိုက်ပျိုးမွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ် လျက်ရှိသော စီးပွားလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ မြေဧရိယာနှင့်စပ်လျဉ်း၍လို့ဆိုထား ပါတယ်။ ဒါကြောင့်မို့လို့ စိုက်ပျိုးရေးနဲ့ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သက်ဆိုင်တယ်ဆိုလို့ရှိရင်တော့ ခုနအပိုဒ်(ဂ)နဲ့ (ဃ) ဟာ အကျုံးမဝင်ဘူး လို့ယူဆတဲ့အတွက် မူလအတိုင်းထားသင့်ပါတယ်လို့ တင်ပြရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အခန်း(၄)၊ အပိုဒ် ၁၀ သည်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ မြေဧရိယာနှင့်စပ်လျဉ်း၍ (က)စိုက်ပျိုးရေးတွင် ဒီလိုဆိုထားတဲ့အတွက်

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။အခု(ဂ)နဲ့(ဃ)ကခုနပြောတဲ့အချက်နဲ့ ကိုက်ညီမှု မရှိဘူးလို့ ယူဆရတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခုနက ပြောတယ်ဆိုတဲ့နေရာမှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ထားတာက ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်မယ်ဆိုတာသည် အခန်း(၄)ပါအချက်များနှင့် ကိုက်ညီမှုမရှိဘူး။ ဒါကြောင့်မို့လို့ ပယ်ဖျက် သင့်တယ်။ (ဂ)အပိုဒ်ရယ်။(ဃ) အပိုဒ်ရယ်။ (ဃ)အပိုဒ်ကလည်း ဒါကြောင့်မို့လို့ အခန်း (၄) မှာပါတဲ့ ခေါင်းစဉ်နဲ့ဆိုရင် အစိုးရခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဆိုတဲ့ဟာသည်လည်း အခန်း (၄) အပိုဒ်နှင့်ဆိုလို့ရှိရင်လည်း ညီညွတ်မှုရှိတဲ့အတွက် ကန့်ကွက်တယ်။ သဘောပေါက်ပါ တယ်။

**ဦးစိုးရယ်(ဒီမောဆိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဆားလင်းကြီးမဲဆန္ဒနယ်မှ ကိုယ်စားလှယ်ရဲ့တင်ပြချက်ဖြစ်တဲ့ အပိုဒ် ၁၀ အတည်ပြုပြီးဖြစ်သော အပိုဒ်ခွဲ (ဂ) ၊ အပိုဒ်ခွဲ(ဃ) ပယ်ဖျက်ခြင်းကိစ္စနှင့်ပတ်သက်ပြီး ကိုယ်စားလှယ်တော်များလေ့လာသိရှိနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။ မနေ့က မူလအတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ အခန်း(၃)၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အပိုဒ် ၄ မှာ ဗဟိုကော်မတီသည် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အောက်ဖော်ပြပါလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုနိုင်သည်ဆိုပြီးတော့မှ အပိုဒ်ခွဲ(က)သည် စိုက်ပျိုးရေးလုပ်ငန်း၊ အပိုဒ်ခွဲ(ခ)သည်မွေးမြူရေးလုပ်ငန်း၊ အပိုဒ်ခွဲ(ဂ)သည် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊ အပိုဒ်ခွဲ(ဃ)သည် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သော အခြားလုပ်ငန်းများဆိုပြီးတော့ ပါရှိပါတယ်။ တဖန် အပိုဒ် ၆ မှာ မူလပြဋ္ဌာန်းချက် အပိုဒ် ၆ မှာ အတည်ပြုပြီးဖြစ်တဲ့အပိုဒ် ၆ မှာ ဗဟိုကော်မတီသည် ပုဒ်မ ၅ အရလျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ဆိုပြီးတော့ အပိုဒ်ခွဲ (ခ) မှာ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက်ဖြစ်ပါက သတ္တုတွင်းဝန်ကြီးဌာနမှလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ) ပါ အခြားလုပ်ငန်းအတွက်ဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့်လည်းကောင်း သဘောထားတောင်းခံနိုင်သည် လို့ပါရှိတဲ့အတွက် ကိုယ်စားလှယ်တော်များသိရှိနိုင်ရန်အတွက် တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အခြားလုပ်ငန်းများဆိုတဲ့ စာသားထည့်ရမှာဖြစ်ပါတယ်။ ဒါမှ အကျုံးဝင်မှာပါ။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စက ပြီးခဲ့တဲ့နေ့က ဒေါက်တာစိုင်းကျော်အုန်းအဆိုမှာတုန်းကနဲ့ ဆင်တူဖြစ်ပါတယ်။ ဒီမူလဥပဒေကြမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသောစီးပွားရေးလုပ်ငန်းများလို့ သုံးခဲ့တဲ့အတွက် အပိုဒ် ၃ မှာ တုန်းကလည်းပဲ ဒီအချက်ကို ဆွေးနွေးပြီးတော့မှ ပြောဆိုခဲ့ကြပါတယ်။ အခု ဦးသန်းမြင့်ကြီး တင်ပြတာဟာလည်း ဒီ ၁၀ မှာ အဲဒီလို စကားလုံးမပါတဲ့အတွက် (ဂ)၊(ဃ)ဆိုတာ ဖြုတ်ဖို့လိုပါတယ်လို့ တင်ပြခြင်းဖြစ်ပါတယ်။ (ဂ)၊ (ဃ) ကအမျိုးသားလွှတ်တော်ကလည်းအတည်ပြုခဲ့ပြီး ဖြစ်လည်းဖြစ်သင့်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ပြင်ခြင်းပြင်ရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသောစီးပွားရေးလုပ်ငန်းများ မဟုတ်ဘဲနဲ့ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများလို့ ပြင်လိုက်မယ်ဆိုရင် ဆီလျော်ညီညွတ်ပြီးဖြစ်ပါလိမ့်မယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ခုနက (ဂ) အဲဒါ မူရင်း ဥပဒေပုဒ်မ ၆ ဗဟိုကော်မတီသည် ပုဒ်မ ၅ အရ လျှောက်ထားသည့်ကိစ္စများနှင့်စပ်လျဉ်း၍ဆိုတဲ့ ခေါင်းစဉ်ရဲ့ (ခ) မှာ ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအတွက်ဖြစ်ပါက သတ္တုတွင်းဝန်ကြီးဌာနမှလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ (ဃ) ပါ အခြားလုပ်ငန်းအတွက်ဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှလည်းကောင်း သဘောထားတောင်းခံရမည်လို့ပါရှိပြီးဖြစ်တဲ့အတွက် ဒီ အပိုဒ်ကမလိုအပ်တော့ပါဘူး။ (ဂ) အပိုဒ်က မလိုအပ်တော့ဘူး။ ၆(ခ) မှာပါပြီးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘယ်အပိုဒ်ကို မလိုအပ်ဘူးလို့ပြောတာလဲ။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၈၊ အခန်း(၄)၊ ၁၀ (ခ)အောက်တွင် အသစ်ထည့်ရန်၊ မူလအဆိုပြုချက်မရှိပါဘူး။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြစ်ပါတယ်။ ဖြည့်စွက်ချက်ဖြစ်ပါတယ်။ အလယ်စာတိုင်ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ဆိုတဲ့

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယားမှာ စာမျက်နှာ ၈ (ဂ) မူလဘယ်ဟာကိုရည်ညွှန်းပြီးပြောတာလဲ။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ (ဂ) အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်လို့ ဆိုတဲ့အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်။

**ဥက္ကဋ္ဌ**။ ။ ဒါတွေ့ပါတယ်။ ဒါကြောင့်မို့လို့ ဆိုလိုတာက ဘာမလိုဘူးပြောတာလဲ။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ ၆ (ခ) မှာပါပြီးဖြစ်ပါတယ်။ ပုဒ်မ ၆(ခ) မူလဥပဒေပြဋ္ဌာန်းချက်။

**ဥက္ကဋ္ဌ**။ ။ စာပိုဒ် ၆ (ခ) ဓာတ်သတ္တုလုပ်ခြင်းလုပ်ငန်းအတွက်ဖြစ်ပါက သတ္တုတွင်းဝန်ကြီးဌာနမှလည်းကောင်း၊ ပုဒ်မ ၄ အပိုဒ်ခွဲ (ဂ) ပါအခြားလုပ်ငန်းအတွက်ဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှလည်းကောင်း သဘောထားတောင်းခံရမည်လို့ပါတဲ့အတွက် ဘာကိုမလိုတာလဲ။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ကန့်လန့်ဇယား (ဂ) နှင့် (ဃ) ဟာမလိုအပ်တော့ပါဘူး။ ပယ်ဖျက်သင့်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်မလိုအပ်တော့ပါဘူး။

**ဥက္ကဋ္ဌ**။ ။ ပြောမယ့်သူရှိသေးလား။ ပြောမယ့်သူမရှိရင် ဒီအစည်းအဝေး ဒီမှာ ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀ း ၅၄ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခေါင်းလောင်းသံရှည် ပထမအကြိမ်ကြားချိန်မှာ အစည်းအဝေးခန်းမအတွင်း ပြန်လည်နေရာယူကြရန်ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၅ မိနစ်ခန့်နားပါသည်။]

**အချိန်၊ ၁၁ း ၃၀ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်မှာ မနေ့ကစပြီးတော့ဆွေးနွေးခဲ့ပါတယ်။ ဒီနေ့မနက်ပိုင်းလည်းဆက်လက်ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကြားသိလိုက်ရတဲ့အတိုင်း အပြန်အလှန်ဆွေးနွေးမှုများဟာ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ လိုလားနှစ်ခြိုက်စွာလက်ခံပါတယ်။ သို့ရာတွင် ဒီတိုင်းဆက်ဆွေးနွေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မပြည့်မစုံနဲ့ပဲဆွေးနွေးရမှာဖြစ်တဲ့အတွက် အဲ့ဒီတော့ ဒီဆွေးနွေးဆုံးဖြတ်ပြီးမှ ဒီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံ ခန့်ခွဲရေးဥပဒေကြမ်းက ဥပဒေအဖြစ်အလျင်အမြန်ရပ်တည်ဖို့ကိစ္စလည်းမရှိသေးပါဘူး။ ဒါကြောင့်ကျွန်တော်မနက်ခင်းကစတင်ပြခဲ့သလိုပဲ ဖြစ်ပေါ်လာတဲ့အခြေအနေပေါ်မူတည်ပြီးတော့ ပြောင်းလဲဆုံးဖြတ်မယ်ဆိုတဲ့ဟာက အခုကျွန်တော်ဆုံးဖြတ်ချက်ပြုပါမယ်။ ဒီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးပြီးသားအထိအတည်ဖြစ်ပြီးတော့ ကျန်တဲ့ဆွေးနွေးမှုများကို ပိုမိုကောင်းမွန်သင့်မြတ်တဲ့ဆွေးနွေးမှုများပြုနိုင်ဖို့အတွက် ဒီဥပဒေကြမ်းဆွေးနွေးမှုကို ဒီမှာရပ်ဆိုင်းပါမယ်။ ပြန်လည်ပြီးတော့ သက်ဆိုင်ရာကော်မတီများနဲ့ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးပြီးရရှိလာတဲ့ ဆွေးနွေးချက်အပေါ်မှာမူတည်ပြီးမှ ဒီ လွှတ်တော်စုံညီအစည်းအဝေးမှာ ဆွေးနွေးမှာဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ မနေ့ကနဲ့ ဒီနေ့မနက်ပိုင်းဆွေးနွေးမှုဟာ လွှတ်တော်ကိုပိုမိုအသက်ဝင်စေတဲ့ ကိစ္စများဖြစ်သလို အမှန်တရားကိုရှာဖွေတဲ့နေရာမှာ ပိုမိုထိရောက်တဲ့ဆောင်ရွက်ချက်တွေလို့ပဲ မှတ်ယူပါတယ်။ သို့ရာတွင် အမှန်တရားရှာဖွေပြီးတော့ နိုင်ငံတော်နဲ့နိုင်ငံသားများရဲ့အကျိုးစီးပွား ဖော်ဆောင်ဖို့ဆိုရင် မိမိတို့လက်ဝယ်ရောက်ရှိနေတဲ့ ဥပဒေကြမ်းများကိုသေချာလေ့လာပြီး အဆင့်ဆင့်ဆောင်ရွက်မယ့် ကိစ္စများမှာ အားလုံးပါဝင်ဆောင်ရွက်ခြင်းဖြင့် ပိုမိုသင့်လျော်တဲ့၊ ကောင်းမွန်တဲ့ ဥပဒေကြမ်းများဖြစ်သလို ဒီလွှတ်တော်အတွင်းမှာလည်း အချိန်ကုန်စရာ နည်းသွားနိုင်တဲ့အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အကြံပြုချင်တာက ကျွန်တော်တို့ အခုဒီနေ့ ဆွေးနွေးမှုတွေဟာ ပြောမယ်ဆို Debate အထိဖြစ်လာပါတယ်။ ကျွန်တော်တို့ တစ်ဖက်နဲ့ တစ်ဖက်တင်ပြဆွေးနွေးတာ Debate ဒီဟာလိုလားအပ်တဲ့အရာပါ။ အဲ့လို Debate ဖြစ်တဲ့အခါမှာ အဓိကကိုယ်စားလှယ်များနှင့် ကျွန်တော်တို့ရဲ့လိုအပ်ချက်က Data တွေကိုယ့်လက်ထဲမှာရှိနေဖို့လိုပါတယ်။ Data ပေါ်အခြေခံပြီးတော့ Debate တစ်ဖက်နဲ့ တစ်ဖက်ဆွေးနွေးမှုသည် Decision ကောင်းကောင်းချနိုင်တဲ့ အနေအထားရှိပါတယ်။ ကျွန်တော်တို့ ဒီနေ့ Debate တော့ဖြစ်တယ်။ ဒါပေမယ့်လို့ Data နဲ့ ပတ်သက်လို့ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဆီမှာ ပြည့်ပြည့်ဝဝမရှိထားဘူး။ မရှိထားတဲ့အတွက် Data တွေ၊ အချက်အလက်တွေပြည့်စုံအောင်လည်း ဒီ လွှတ်တော်ထဲမရောက်ခင်ကြိုတင်ဆောင်ရွက်ထားဖို့လိုကြောင်းလည်း ထပ်လောင်းတင်ပြချင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော“လယ်ယာမြေ ဥပဒေကြမ်း”နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အဆိုတင်သွင်းခြင်းမပြုသည့် အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့်လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးခဲ့တဲ့ လယ်ယာမြေဥပဒေကြမ်းကို ၂၁-၁၁-၂၀၁၁ ရက်မှာ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ လွှတ်တော်သို့ အသိပေးတင်ပြပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ ၊ နည်းဥပဒေခွဲ (င) နှင့်အညီ ဆွေးနွေးရန်အဆိုတင်သွင်းထားသည့် အပိုဒ် ၄ ပိုဒ်ပါရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များတင်သွင်းလာတဲ့ အဆိုများကိုဆွေးနွေးဆုံးဖြတ်ခြင်းမပြုမီ အမျိုးသားလွှတ်တော်ရဲ့

ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းခြင်းမပြုသည့်အပိုဒ်များကိုတင်ပြပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း ပြည်သူ့လွှတ်တော်ကအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ အဆိုမှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော လယ်ယာမြေဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အပိုဒ် ၂ အပိုဒ်ခွဲ (ခ) (ဃ) (ဆ) (ဇ) (ဈ)။ အပိုဒ် ၃ အပိုဒ်ခွဲ (ခ)၊ အခန်း(၃)ပါခေါင်းစဉ်၊ အပိုဒ် ၄ အပိုဒ်ခွဲ (က) ၊ အပိုဒ် ၇ အပိုဒ်ခွဲ (င) ၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (င) ၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(က) ၊ အပိုဒ် ၁၈ ၊၁၉ ၊ ၂၃ ၊ ၂၆ ၊ ၂၇၊ အပိုဒ် ၃၄ အပိုဒ်ခွဲ (က)၊ အပိုဒ် ၃၅ တို့ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်းအတည်ပြုရန်ဖြစ်သည်။ ဒီအဆိုကိုလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော လယ်ယာမြေဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကထပ်မံပြင်ဆင်ခြင်းမပြုသည့် အထက်ပါအပိုဒ်၊ အပိုဒ်ခွဲများသည် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်းဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်းအတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ''လယ်ယာမြေဥပဒေကြမ်း''နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အဆိုတင်သွင်းထားသည့်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီ လယ်ယာမြေဥပဒေကြမ်းဟာ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဦးတင်သွင်းတဲ့ဥပဒေကြမ်းဖြစ်ပါတယ်။ ဒီဥပဒေကြမ်းသည် ကျွန်တော်တို့ပြည်သူ့လွှတ်တော်မှာဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့တဲ့ လယ်ယာမြေဥပဒေကြမ်းဖြစ်ပါတယ်။ လယ်ယာမြေဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာဆွေးနွေးပြီး ကျွန်တော်အထက်ကတင်ပြထားတဲ့ အတိုင်း အမျိုးသားလွှတ်တော်ကပြန်လည်ပေးပို့တဲ့နေရာမှာ ကျွန်တော့်အယူအဆပြောမယ်ဆိုရင်တော့ ကျွန်တော်တို့လွှတ်တော်အတွက် ဒီ ဥပဒေကြမ်းဟာသိပ်ပြီးတော့ရှုပ်ထွေးစရာမရှိဘူးလို့ထင်ပါတယ်။ သို့ရာတွင် ကျွန်တော်တင်ပြချက်အတိုင်းရှုတ်ထွေးစရာမရှိဘူးဆိုသော်လည်း ဒီထဲမှာ အကယ်လို့ ပြင်ဆင်အတည်ပြုဖို့အခုမှတွေ့ရှိတယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ပြင်ဆင်တင်ပြလိုသူများကိုလည်း ကျွန်တော်တို့အခွင့်အရေးပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီ အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော

လယ်ယာမြေဥပဒေကြမ်းနှင့်စပ်လျဥ်းပြီးဆွေးနွေးရန်အဆိုတင်သွင်းထားသော ဗိုလ်မှူးကောင်းထက်စံ စတင်ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကောင်းထက်စံ(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားချစ်ခင်ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့တင်ပြချက်ကို အခုလိုလက်ခံပြီးဆွေးနွေးခွင့်ပေးတဲ့ အတွက် အများကြီးကျေးဇူးတင်ပါကြောင်း ဦးစွာပြောကြားပါရစေခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူ့လွှတ်တော်နည်းဥပဒေပုဒ်မ ၁၆၂ အရဆိုရင်တော့ ဒါ အမျိုးသားလွှတ်တော်ကနေ ပြင်ဆင်ချက် ပေးလိုက်တာမဟုတ်တဲ့အတွက်ကြောင့်မို့လို့ ဒါ ကျွန်တော့်ဟာကတော့နည်းဥပဒေနဲ့ ညီညွတ်ခြင်း မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်ကဥက္ကဋ္ဌကြီးရဲ့လုပ်ပိုင်ခွင့်ကိုအားကိုးပြီးတော့ကျွန်တော်က ဒီအဆို တင်သွင်းခဲ့ခြင်းဖြစ်ပြီး ဥက္ကဋ္ဌကြီးကလည်းအခုလိုခွင့်ပြုပေးတဲ့အတွက် ကျွန်တော်ကျေးဇူးတင်ကြောင်း ပြောကြားရခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အဆိုကတော့ ပုဒ်မ ၄ (င)မှာ မူရင်းဥပဒေမှာတော့ ပုဒ်မ ၄ (ဂ) ဖြစ်ပါတယ်ခင်ဗျ။ ပုဒ်မ ၄ (ဂ)မှာ မူရင်းဖော်ပြထားတာက အပိုဒ်ခွဲ(ဂ)အရဆောင်ရွက်မှုနှင့် စပ်လျဥ်း၍ အမြတ်ခွန်ကင်းလွတ်ခြင်းဆိုတဲ့စာသားအစား အပိုဒ်ခွဲ(ဂ)အရဆောင်ရွက်မှုနှင့်စပ်လျဥ်း၍ ဝင်ငွေခွန်ကင်းလွတ်ခြင်းဆိုပြီးပြင်ဆင်ဖို့ ကျွန်တော်အဆိုတင်သွင်းခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒီအဆိုကို ပြီးခဲ့တဲ့ကျွန်တော်တို့လွှတ်တော်မှာဆွေးနွေးစဥ်အခါ ၂၀-၉-၂၀၁၁ ရက်နေ့မှာလည်း ကျွန်တော်အဆို အဖြစ်တင်သွင်းခြင်းမပြုပေမယ့်လို့ အဲ့ဒီနေ့က ကျွန်တော်တစ်ခါဆွေးနွေးခဲ့ပါတယ်။ အဲ့ဒီနေ့က ကျွန်တော်ကဘာလို့အဆိုအဖြစ်မတင်ခဲ့သလဲဆိုရင် ကျွန်တော်အခုကိုးကားမယ့်အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟာ အဲ့ဒီနေ့က ဥပဒေအဖြစ်နဲ့ထွက်ပေါ်လာခြင်းမရှိသေးပါဘူး။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ အတည်ပြုလိုက်တဲ့ဥပဒေကြမ်းအဖြစ်ပဲရှိသေးတဲ့အတွက် ကြောင့် ကျွန်တော်ဟာ ဒီအဆိုကိုဆက်လက်ပြီး မတင်သွင်းတော့ပါဘူးဆိုပြီးတော့ ကျွန်တော်ဟာ အဲ့ဒီနေ့ကမတင်သွင်းခဲ့ပါဘူး။ ဒါပေမယ့် အဲ့ဒီနေ့ကကျွန်တော်တစ်ခေါက်လွှတ်တော်ကိုအကျိုး အကြောင်းတော့ ကျွန်တော်တင်ပြခဲ့ပါတယ်ခင်ဗျ။ အခုနောက်တစ်ခေါက်ထပ်ပြီးတော့ ကျွန်တော် တင်ပြပါရစေခင်ဗျာ။ ကျွန်တော်အချက်လေးချက်နဲ့တင်ပြပါ့မယ်ခင်ဗျ။ နံပါတ်တစ်အချက် အမြတ်ခွန် ဥပဒေကိုရုပ်သိမ်းတဲ့ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁)အဖြစ်နဲ့ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါ တယ်။ အခုဆက်လက်ပြဋ္ဌာန်းမည့် ဥပဒေတွေမှာ အမြတ်ခွန်ဥပဒေနဲ့ပတ်သက်ပြီးတော့မှ ဒီအမြတ်ခွန် ဆိုတဲ့ပြဋ္ဌာန်းချက်တွေပါဝင်ဖို့မသင့်လျော်တော့ဘူးလို့ယူဆပါတယ်ခင်ဗျား။ နံပါတ်နှစ်အချက်အနေနဲ့ အထက်ပါအမြတ်ခွန်ဥပဒေကိုရုပ်သိမ်းတဲ့ဥပဒေပုဒ်မ ၅ မှာအမြတ်ခွန်ဥပဒေပုဒ်မ ၁၉ အရခွင့်ပြု သည့်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များသည် ဝင်ငွေခွန်ဥပဒေအရခွင့်ပြုသည့်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအဖြစ်ဆက်လက်အကျိုးသက်ရောက်စေရမည်လို့ဖော်ပြထားပါတယ်။ အခုလက်ရှိ

အမြတ်ခွန်ဥပဒေမှာပြဋ္ဌာန်းထားတဲ့ ကင်းလွတ်ခွင့်တွေ၊ သက်သာခွင့်တွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနက ခွင့်ပြုထားတဲ့ ကင်းလွတ်ခွင့်တွေ၊ သက်သာခွင့်တွေဟာ ဝင်ငွေခွန်ဥပဒေနဲ့ဆက်လက်ပြီးကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးလို့ရတယ်လို့ ဒီဥပဒေပုဒ်မ ၅ မှာပြဋ္ဌာန်းပေးထားပါတယ်ခင်ဗျ။ နံပါတ်သုံးအချက် အနေနဲ့ ကျွန်တော်ခုနကတင်ပြသွားတဲ့အတိုင်းအမြတ်ခွန်ကင်းလွတ်ခြင်းဆိုတဲ့စာသားအစား ဝင်ငွေခွန် ကင်းလွတ်ခြင်းလို့ပြင်ဆင်လိုက်လို့ရှိရင် ခေတ်နှင့်လျော်ညီတဲ့အသုံးအနှုန်းလည်းဖြစ်သွားမယ်။ မူလ ဥပဒေကြမ်းတင်သွင်းသူရဲ့ စေတနာကိုလည်းမှန်မှန်ကန်ကန်နဲ့ထင်ဟပ်နိုင်မှာဖြစ်ပါတယ်။ နောက်ဆုံး ကျွန်တော်တင်ပြလိုတဲ့အချက်ကတော့ အခုကျွန်တော်တို့ကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကျွန်တော်လေ့လာကြည့်တဲ့အခါမှာ အမြတ်ခွန်ဥပဒေကိုခွင့်ပြုထားတာမရှိပါဘူးခင်ဗျား။ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ ပြည်ထောင်စုဥပဒေပြုစာရင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေပြုစာရင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ဦးစီးအဖွဲ့များရဲ့ဥပဒေပြုစာရင်းများမှာ ဘဏ္ဍာရေးနှင့်အခွန် ခေါင်းစဉ်အောက်မှာ အမြတ်ခွန်ဆိုတဲ့ အခွန်အမျိုးအစားကိုခွင့်ပြုထားခြင်းမရှိလို့ ဒီဥပဒေကို ရုပ်သိမ်း တယ်ဆိုတဲ့အကြောင်းကို ကျွန်တော်တို့ ဒီအမြတ်ခွန်ဥပဒေကိုရုပ်သိမ်းတဲ့အကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးက ပြည်ထောင်စုလွှတ်တော်မှာလာရောက်တင်ပြစဉ် အခါကလည်းထည့်သွင်း ပြီးတော့ မပြောကြားသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအမြတ်ခွန်ဥပဒေဟာလည်း နောက်ထပ် ထပ်မံ ပြီးတော့ပေါ်ထွက်လာဖွယ်မရှိဘူးလို့ဘဲ ကျွန်တော်ကယူဆတဲ့အတွက်ကြောင့်မို့လို့ ယခုကျွန်တော် တင်ပြတဲ့ အပိုဒ်ခွဲ(ဂ)အရ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အမြတ်ခွန်ကင်းလွတ်ခြင်း ဆိုတဲ့စာသားအစား အပိုဒ်ခွဲ(ဂ)အရဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ကင်းလွတ်ခြင်းဆိုတဲ့စာသား ကိုပြင်ဆင်သင့်ပါ ကြောင်းအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ပတ်သက်ပြီးတော့ ခုနကနည်းဥပဒေပိုင်းမှာ လုပ်ပိုင်ခွင့်မရှိဘူးဆိုတဲ့ ကိစ္စမျိုးကိုလည်း မိမိတို့လွှတ်တော်ဘက်က သီးခြားသက်သာခွင့်ပြုနိုင်ရေးအတွက်ဆောင်ရွက်နေတာ တွေရှိပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမှာတုန်းကလည်း တင်ပြလိုကြောင်းတင်ပြတဲ့အခါမှာ မိမိတို့လက်ခံဆောင်ရွက်တဲ့အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေဟာလည်း နောက်ပိုင်းကျတဲ့အခါမှာ ချောချောမွေ့မွေ့ ပြန်ဖြစ်ပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်များထပ်မံရရှိတာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲတချို့ ကိစ္စတွေမှာ ဒီ လွှတ်တော်နှစ်ရပ်ကလွှတ်သွားတဲ့ ကျန်ရှိတဲ့ကိစ္စမျိုးကိုလည်း သီးခြားမှတ်ချက်နဲ့ ပို့ပြီးတဲ့အခါမှာ ပြည်ထောင်စုကိုမတက်ခင်၊ ပြည်ထောင်စုလွှတ်တော်မတက်ခင် ဥပဒေကြမ်းကော်မတီနဲ့တိုင်ပင် ညှိနှိုင်းပြီးတော့ ဒီအချက်တွေကတော့ဖြည့်စွက်ထည့်သင့်တယ်။ ထည့်သင့်တဲ့ကိစ္စကိုပြည်ထောင်စု လွှတ်တော်ကိုတင်ပြ၊ ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပေးမယ်ဆိုပြီးတော့ ကျွန်တော်တို့ ဒီလို

လုပ်နေတာလည်းရှိပါတယ်။ ဒါကတော့နည်းဥပဒေထဲမှာမပါပေမယ့်လက်တွေ့ ဆောင်ရွက်သင့်တဲ့ ကိစ္စဖြစ်တဲ့အတွက် ဒီလိုပဲ ကျွန်တော်တို့ဆောင်ရွက်နေတာရှိပါတယ်။ဒါကြောင့်မို့လို့ အခုတင်ပြချက်က ဆီလျော်ညီညွတ်တယ်ဆိုရင် စဉ်းစားပေးပြီးတဲ့အခါမှာ ခုနကဲ့သို့ကျွန်တော်တို့ ဒီနောက်ကြောင်း ပြန်ဆုံးဖြတ်တာမဟုတ်ဘဲနဲ့ ပြည်ထောင်စုလွှတ်တော်ကိုတင်ပြပြီးတော့ အဆုံးအဖြတ် ခံယူမယ်ဆိုရင် ကျွန်တော်တို့လုပ်ငန်းစဉ်ချောမွေ့သွားနိုင်သလို ကောင်းမြတ်တဲ့ကိစ္စတစ်ခုလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာတော့ကျွန်တော်ကျန်တဲ့ကိစ္စကို ရှည်ရှည်ဝေးဝေးမဆွေးနွေးစေတော့ဘဲနဲ့ ဒီတင်ပြ ချက်အဆိုကို ထောက်ခံမယ့်သူရှိပါသလား။ ထောက်ခံမယ့် သူရှိရင်ထောက်ခံတင်ပြပါ။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ Constitution ထဲ မှာလည်း ဒီအမြတ်ခွန်ဥပဒေဆိုတာလည်းမပါပါဘူးရှင့်။ ဒါလည်းအမှန်ဖြစ်ပါတယ်။ နောက်ပြီးလို့ရှိရင် အမြတ်ခွန်ဥပဒေကလည်း အမှန်တကယ်ရုပ်သိမ်းသွားပြီးပါပြီရှင့်။ ဒါကြောင့် ဒီဝင်ငွေခွန်ကင်းလွတ် ခွင့်ရှိတယ်ဆိုတာကို ကျွန်မတို့ကထောက်ခံသင့်တဲ့ကိစ္စဖြစ်တယ်လို့ ကျွန်မတင်ပြပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မူလဒီဥပဒေကြမ်းတင်သွင်းတဲ့ ဦးဌေးဦးဘက်က သဘောထားသိချင်ပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ သဘောတူပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဒီအဆိုကိုလက်ခံမှတ်တမ်းတင်ပြီးတော့ ပြည်ထောင်စု လွှတ်တော်ကို တင်ပြနိုင်ဖို့အတွက် ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်းပူးပေါင်းကော်မတီနဲ့ ညှိနှိုင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်ကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းရီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်မှာအတည်ပြု ထားပြီးတော့ အမျိုးသားလွှတ်တော်မှပြင်ဆင်အတည်ပြုထားသော ၂၀၁၁ခုနှစ်၊ လယ်ယာမြေဥပဒေ မူကြမ်းရဲ့အခန်း(၃) လုပ်ပိုင်ခွင့်ပြုထားတဲ့ လယ်ယာမြေများနှင့်ပတ်သက်တဲ့အခွင့်အရေးများခေါင်းစဥ် ရဲ့အောက်မှာရှိတဲ့ ပုဒ်မ ၄ ပုဒ်မခွဲ (ဆ)ရဲ့အောက်မှာ ပုဒ်မခွဲ(ဇ)အဖြစ်ထည့်သွင်းရန် တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ်ကိုထည့်သွင်းရတဲ့အကြောင်းအရင်းကတော့ လယ်သမားများအပေါ် ငွေရေးကြေးရေးချေးငှားတဲ့ငွေရှင်၊ ကြေးရှင်တို့ရဲ့ အကြွေးစနစ်ဖြင့်

သိမ်းယူခြင်းမှကာကွယ်ရန်ဆိုတဲ့အချက်တစ်ချက်၊ ဒုတိယတစ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃(က)မှာ လယ်သမားများရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်လိုတဲ့အချက်နှစ်ချက်နဲ့ ရည်ရွယ်ပြီးတော့ (ဇ)အပိုဒ်ကိုထည့်သွင်းခြင်းဖြစ်ပါတယ်။ ထည့်ရမည့်အပိုဒ်မှာ လယ်ယာမြေလုပ်ပိုင်ခွင့်အားအငှားချထားခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်းတို့နှင့်ပတ်သက်သည့် ငွေရေးကြေးရေးဆိုင်ရာအမှုကိစ္စများမှအပ အခြား သောငွေရေးကြေးရေးဆိုင်ရာအမှုကိစ္စရပ်များနှင့် ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်အားသိမ်းယူခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်းများမပြုလုပ်ရဟု ထည့်သွင်းလိုပါတယ်။ အဆိုပါအပိုဒ်အား လယ်ယာမြေဥပဒေမူကြမ်း အခန်း(၃)လုပ်ပိုင်ခွင့်ပြုထားသောလယ်ယာမြေများနှင့်ပတ်သက်သည့် အခွင့်အရေးများခေါင်းစဉ်ရဲ့အောက်မှာ ပုဒ်မ ၄ ပုဒ်မခွဲ(ဆ) ရဲ့အောက်တွင်ရှိသော ပုဒ်မခွဲ(ဇ)အဖြစ် အသစ်ထပ်မံထည့်သွင်းသင့်ပါကြောင်း တင်သွင်းအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်လို့ ထောက်ခံမယ့်သူရှိပါသလား။

**ကိုယ်စားလှယ်တစ်ဦး**။ ။ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီတင်သွင်းသော အသစ်ထပ်မံ တင်သွင်းမည့်အပိုဒ်အား ထောက်ခံအပ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟင်္သာတမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ ဒီထပ်မံဖြည့်သွင်းတဲ့အပိုဒ်ဟာ အမှန်တကယ်လိုအပ်ချက်ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုအားကန့်ကွက်မယ့်သူရှိပါသလား။ မရှိတဲ့အတွက်အဆိုအတည်ဖြစ်ကြောင်းနဲ့ ဒီအဆိုကိုပြည်ထောင်စုလွှတ်တော်သို့ တင်ပြတဲ့အခါမှာထည့်သွင်းဆောင်ရွက်ရန်ဖြစ်ကြောင်းအတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဆွေးနွေးတဲ့ဥပဒေကြမ်းဟာ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့တဲ့ ဥပဒေကြမ်းဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ အရအမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များနှင့်သက်ဆိုင်တဲ့ ပြင်ဆင်ချက်မှတစ်ပါး နောက်ထပ်ပြင်ဆင်ချက်အဆိုများတင်သွင်းခြင်းမပြုရပါ။ ဒီနေရာမှာ ပြင်ဆင်ချက်အဆိုမဟုတ်သော်လည်း အချို့တင်ပြထားတဲ့စာပိုဒ်၊ စာကြောင်းများဟာ သဘောကတော့ မှန်ကန်တယ်။ သို့ရာတွင် တချို့ခုနတင်ပြခဲ့သလို သုံးမိုင်စသဖြင့်ပေါ့လေ၊ ဒီလိုအခြေအနေမျိုး နောင်နှစ်အကန့်အသတ်နဲ့ပတ်သက်လို့ အခြေအနေမျိုးတွေက သဘောကတော့ ဒီလိုဖြစ်စေချင်တယ်။

သို့ရာတွင် အချိန်ကာလနှင့် အတိုင်းအထွာ၊ အချိန်အတွယ်တွေဟာ မသင့်တင့်၊ မမျှတဘူးဆိုလို့ရှိရင် ဒါ ပြင်လို့ ရနိုင်မယ့်အခွင့်အရေးရှိပါတယ်။ ဒီမှာရေးထားတာကတော့ နောက်ထပ်ပြင်ဆင်ချက်အဆိုများ တင်သွင်းခွင့်မပြုပါဆိုတဲ့ဟာကို လုံးဝမလုပ်ရဘူးဆိုတဲ့သဘောရေးထားတဲ့အတွက် ဒါကို ကျွန်တော် ထပ်ပြီးတော့ရှင်းခြင်းဖြစ်ပါတယ်။ ဗိုလ်မှူးကောင်းထက်စံနဲ့ ဦးသိန်းရီတို့ရဲ့ဆွေးနွေးချက်များသည် ခုနတင်ပြပြီးဖြစ်တဲ့အတွက် ဒါ သီးခြားထပ်ပြီးတော့မရှင်းပြတော့ပါဘူး။

ဆက်လက်ပြီး အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့တဲ့လယ်ယာမြေ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ်ဆွေးနွေးရန် အဆိုတင်သွင်း ထားသည့်အပိုဒ်များအလိုက် လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူသွားမှာဖြစ်ပါတယ်။ ကန့်လန့်ဖြတ် ဇယားကြည့်ပါမယ်ခင်ဗျား။ အပိုဒ် ၂ (က) ၊ အပိုဒ် ၂(ဂ) အပိုဒ်ခွဲငယ် ၁၊ ၂၊ ၃၊ ၄၊ ၅၊ အပိုဒ် ၃၀ နှင့်စပ်လျဉ်းပြီး ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းအား တစ်ပေါင်းတည်းဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါ စေ။ ကျွန်တော့်အနေနဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ အခန်း(၁)၊ အပိုဒ် ၂(က)ကို ပြင်ဆင်ဖြည့်စွက်သွားမှာဖြစ်ပါတယ်။ မူလအဆိုပြုချက်ရယ်၊ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အချက်နဲ့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်အပေါ်မှာမူတည်ပြီးတော့ ကျွန်တော့်အနေနဲ့တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ထဲက လယ်ယာမြေ ပေါ်၌ ဤဥပဒေနှင့်အညီခွင့်ပြုထားသော မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့်မြေဆိုပြီးတော့ အဲ့ဒါကို အမျိုးသားလွှတ်တော်ကပယ်ထားပြီးတော့ ကျန်တဲ့အချက်များကို အားလုံးပြင်ဆင်ထားပါတယ်။ အားလုံးအတည်ပြုထားပါတယ်။ အဲဒီတော့ လယ်ယာမြေဆိုတဲ့အခါမှာ လယ်ယာမြေပေါ်၌ ဤဥပဒေနှင့်အညီခွင့်ပြုထားသော မွေးမြူရေးလုပ်ကိုင်သည့် မြေဆိုတဲ့အခါကျတော့ အဓိကအားဖြင့် တောင်သူလယ်သမားဆိုတဲ့ဟာက ပိုပြီးထိရောက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ရဲ့အတည်ပြုချက်ကိုရုပ်သိမ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်အတိုင်းတင်ပြ အပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ နံပါတ်၂(ဂ)နဲ့ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်မှာ တင်ထားတာ ကတော့ မွေးမြူရေးဆိုတဲ့အပိုဒ်တွေကို အပိုဒ် ၂ (ဂ)ရဲ့အပိုဒ်ခွဲ ၁၊ အပိုဒ်ခွဲ ၂၊ အပိုဒ်ခွဲ ၃၊ အပိုဒ်ခွဲ ၄၊ အပိုဒ်ခွဲ ၅ မှာ ပြည်သူ့လွှတ်တော်ကအတည်ပြုထားတဲ့ တောင်သူလယ်သမားဆိုသည်မှာ အောက်ဖော်ပြပါတစ်ရပ်ရပ်နှင့် ကိုက်ညီသူကိုဆိုလိုသည်။ မြေကိုအသုံးပြု၍စိုက်ပျိုးရေးလုပ်ငန်း

သို့မဟုတ် မွေးမြူရေးလုပ်ငန်းသို့မဟုတ် လုပ်ငန်းနှစ်ရပ်စလုံးကိုမိမိ၏အခကအသက်မွေးဝမ်းကျောင်း အဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူသို့မဟုတ်၊ မိမိကိုယ်တိုင်အစဥ်တစိုက်လုပ်ကိုင်သူဆိုတဲ့အပိုဒ်ကို အမျိုးသားလွှတ်တော်ကနေပြီးတော့ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်းဆိုတာ မွေးမြူရေးလုပ်ငန်းကို ကျွန်တော်တို့ဖြုတ်ပစ်လိုက်ပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီးတော့ တောင်သူ လယ်သမားဆိုတာက ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ FAO မှတောင်သူလယ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးရောနှောလုပ်ကိုင်သူများ ဟုအဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ထည့်သွင်းရန် လိုအပ်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားဆိုတဲ့အဓိပ္ပာယ်ဖွင့်ဆိုချက် ၂ (ဂ) ရဲ့အပိုဒ်ခွဲ ၁၊ အပိုဒ်ခွဲ ၂၊ အပိုဒ်ခွဲ ၃၊ အပိုဒ်ခွဲ ၄၊ အပိုဒ်ခွဲ ၅ ကို မူလပြည်သူ့လွှတ်တော်ကအတည်ပြုတဲ့အတိုင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်ခင်ဗျား။

အခန်း (၁၁)၊ အပိုဒ် ၂၇ မှာ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်မှာအတည်ပြုထား သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးထားသည့်မြေများနှင့် ကိုဖြုတ်ပြီးတော့ မူလအတိုင်းပဲရေးထားပါတယ်။ ဒီအချက်ကလည်း မြေသာအဓိကဖြစ်တဲ့အတွက် ကြောင့် ပြည်သူ့လွှတ်တော်ကပြင်ဆင်ရန် အတည်ပြုချက်ကိုရုပ်သိမ်းပြီးတော့ အမျိုးသားလွှတ်တော် ကအတည်ပြုထားသော ဝန်ကြီးဌာနသည် နိုင်ငံတော်အတွက်လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် မည်သည့်မြေလွတ်၊ မြေရိုင်းများကိုမဆိုသီးသန့်ထားရှိနိုင်သည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ လယ်ယာမြေလုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ပေးရန် လုပ်ထုံးလုပ်နည်း များအရ၊ စိုက်ပျိုးရေးလုပ်ထုံးလုပ်နည်းများအရ စိုက်ပျိုးရေးအတွက်လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ပေးထားသည့် မြေများနှင့်စပ်လျဥ်း၍ မြေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသောအခါ အဆိုပါမြေများသည် စိုက်ပျိုးမှုတည်ငြိမ်သောလယ်ယာမြေများဖြစ်သဖြင့် ဤဥပဒေအရအကျုံးဝင် စေရမည်ဆိုတဲ့အချက်ကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပိုမိုရှင်းလင်းအောင် ဦးသိန်းထွန်းကိုပြန်မေးပါ့မယ်။ ကျွန်တော့်ဆီမှာရှိတဲ့ ကန့်လန့်ဖြတ်ဇယား ၂ စောင်ရှိပါတယ်။ ၂ စောင်ထဲကယခုတင်ပြသွားတာကကန့်လန့်ဖြတ်ဇယား အရှည်ဖြစ်ပြီးတော့ အပါးဖြစ်ပါတယ်။ အမှတ်စဥ် ၂၊ အခန်း (၁) ၊ အပိုဒ် ၂ (က) အဲ့ဒါကို ဦးသိန်းထွန်း ဆီမှာကောရှိသလား။ အဲ့ဒါကိုတင်ပြတာလား။ ဒါကြောင့်မို့လို့ ဦးသိန်းထွန်းသည် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိရန်ဆိုတာ မှန်ပါသလား။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းကို ပြင်ဆင်တုန်းကတော့ ထည့်ပေးပါတယ်။ သို့သော်လည်းပဲ ဒီထဲမှာတောင်သူလယ်သမားဆိုတဲ့နေရာမှာတော့ စိုက်ပျိုးရေးရော၊ မွေးမြူရေးရော နှစ်ခုစလုံးဆက်စပ်ပါတယ်။ လယ်ယာမြေဆိုတဲ့အခါကျတော့ မွေးမြူရေးမဆက်စပ်တဲ့အတွက်ကြောင့် ဒါကိုကျွန်တော့်ရဲ့ပြင်ဆင်ချက်ကို ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကိုရုပ်သိမ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကိုပဲ ထောက်ခံတင်ပြအပ်ပါတယ်။ ၂(က)အရ ။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ စာထဲမှာရေးထားတာက ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းထားရှိရန်ဆိုတာကို ပယ်ဖျက်တယ်။ ရပါပြီ။ နောက်ဒုတိယစာမျက်နှာ အမှတ်စဉ် ၄ ၊ အခန်း(၁) အပိုဒ် ၂(ဂ) ဒီမှာလည်းဦးသိန်းထွန်းက ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းထားရှိရန်ဆိုတာ။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အဲ့ဒါမှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄၊ အမှတ်စဉ် ၁၆၊ အခန်း (၁၁)၊ အပိုဒ် ၂၇ ဒီမှာလည်း ဦးသိန်းထွန်းကပြည်သူ့လွှတ်တော်၏အတည်ပြုချက်ထားရှိရန်ဆိုပြီးတော့ စာနဲ့ဒီလိုဖော်ပြထားတယ်။ အခုတင်ပြတာက ဒါကိုအတည်ဖြစ်မှာလား။ ဒါကိုပယ်ဖျက်မှာလား။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ပယ်ဖျက်မယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းတင်ပြချက် ဒါပါပဲ။ ဒါကြောင့်မို့လို့ ဦးသိန်းထွန်းက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်းအတည်ဖြစ်တယ်လို့ဆိုတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ ၊ ၄ ၊ အခန်း(၁) ၊ အပိုဒ် ၂ (ဂ) ဦးသိန်းထွန်းက ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းထားရှိရန်ဆိုပြီးတော့ ဒီလိုတင်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းထွန်းတင်ပြတဲ့ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းထားရှိရန်အဆိုကို ကန့်ကွက်လိုသူရှိကမတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိကမတ်တတ်ရပ်ပါ။ ကြားနေ၊ ကန့်ကွက်မရှိတဲ့အတွက် ဦးသိန်းထွန်းရဲ့အဆိုဖြစ်သော ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းထားရှိရန်အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ ၊ အမှတ်စဉ် ၁၆ ၊ အခန်း(၁၁) အပိုဒ် ၂၇ ဒီမှာ ဦးသိန်းထွန်းက ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းထားရှိရန်ဆိုတာ မူလတင်ပြထားပေမယ့် နောက်ဆုံးတင်ပြချက်က အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုပြင်ဆင်ချက်အတိုင်းဖြစ်သည်လို့တင်ပြတဲ့အတွက် ဒီ

အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အခန်း(၁၃)၊ အပိုဒ် ၃၂ နဲ့ပတ်သက်လို့ တင်ပြမှာဖြစ်ပါတယ်။ ဒီနေ့ဖြန့်ဝေတဲ့ ဇယားအဖြူပါအတိုင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေ အတည်ပြုချက်ကတော့ မူလက ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။ ဤသို့ရုပ်သိမ်းသည့်အခါ အဆိုပါဥပဒေများအရ ဆောင်ရွက်ခဲ့ပြီးသော ကိစ္စရပ်များပျက်ပြယ်ခြင်းမရှိစေရ။ မပြီးမပြတ်ကျန်ရှိနေသေးသောကိစ္စရပ်များကို ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်လို့ ပြည်သူ့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ဒါကိုအမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်အနေနဲ့ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်တဲ့ဥပဒေနဲ့ ၁၉၆၅ ခုနှစ်၊ သီးစားချထားရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။ ဤသို့ရုပ်သိမ်းသည့်အခါ အဆိုပါဥပဒေများအရဆောင်ရွက် ခဲ့ပြီးသော ကိစ္စရပ်များပျက်ပြယ်ခြင်းမရှိစေရ။ မပြီးမပြတ်ကျန်ရှိနေသေးသော ကိစ္စရပ်များကို သတ်မှတ်ထားသောကာလအတွင်း ယင်းကာလကသက်ဆိုင်သည့် တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရမည်လို့ ပြင်ဆင်ထားတာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အနေနဲ့ ပြန်လည်ပြင်ဆင်ဖို့အတွက် တင်ပြလိုတာကတော့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမူကြမ်းစတင် ပြုစုကတည်းက ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကို အခြေခံပြီးတော့ တောင်သူလယ်သမားများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမယ့်အချက်များကို သေချာစွာစဉ်းစား တွေးခေါ်ပြီးတော့ ပြုစုခဲ့ကြခြင်းဖြစ်ပါတယ်။ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်တဲ့ဥပဒေနဲ့ ၁၉၆၅ ခုနှစ်၊ သီးစားချထားရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေများဟာ တောင်သူလယ်သမားများအကျိုးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ပြဋ္ဌာန်းထားတဲ့ပြဋ္ဌာန်းချက်တွေပါရှိတဲ့အတွက် ဒီဥပဒေတွေကိုဖျက်သိမ်းရန်မလိုဘဲနဲ့ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကိုသာ ဖျက်သိမ်းပေးဖို့အတွက် မူလအတိုင်းပဲတင်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ပြင်ဆင်မယ့်ဥပဒေကို ဖတ်ကြားတင်ပြပါမယ်။

၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက် သည်။ ဤသို့ရုပ်သိမ်းသည့်အခါ အဆိုပါဥပဒေအရဆောင်ရွက်ခဲ့ပြီးသောကိစ္စရပ်များ ပျက်ပြယ်ခြင်း

မရှိစေရ။ မပြီးမပြတ်ကျန်ရှိနေသေးသောကိစ္စရပ်များကို သတ်မှတ်ထားသောကာလအတွင်း ယင်းကာလက သက်ဆိုင်သည့်တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်လို့တင်ပြခြင်းဖြစ်ပါတယ်။ ဒီနေရာမှာအမျိုးသားလွှတ်တော်ကနေ ပြင်ဆင်ထားတဲ့အချက်များကိုလည်း ပယ်ဖျက်ခြင်းမရှိပါဘူး။ ဒါကျွန်တော်တို့အနေနဲ့မူလတင်ပြလိုက်တဲ့ ဥပဒေများရုပ်သိမ်းခြင်းနဲ့ပတ်သက်ပြီးတော့ ပြင်ဆင်ချက်ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးရဲ့သဘောထားပြောပါ။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လယ်ယာမြေနဲ့ပတ်သက်လို့ ဥပဒေသုံးခုရှိပါတယ်။ အလားတူ ၁၉၆၅ ခုနှစ်မှာလည်း ပြင်တဲ့ဥပဒေတစ်ခုရှိပါတယ်။ ကျွန်တော်တို့ အဓိကထားပြီးတော့မှ တင်ပြတဲ့ဥပဒေက ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကိုပဲ အဓိကထားပြီး တင်ပြတာဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုရှင် ကိုယ်စားလှယ်တော်ကြီး ဦးတင်မောင်ဦးတင်ပြသွားတဲ့ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်ဆိုတဲ့ စာသားဟာ သင့်မြတ်တဲ့စာသားဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သူ့ရဲ့အဆိုပြုတင်ပြချက်တွေ အားလုံးကို ထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့သဘောထားရှိကပြောပါ။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးတင်မောင်ဦးရဲ့တင်ပြချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြီးခဲ့တဲ့အပိုဒ်တွေဆွေးနွေးတုန်းက ဦးဌေးဦးရဲ့သဘောထားအထိပဲယူပြီးတော့ ဝန်ကြီးဌာနရဲ့သဘောထားမမေးခဲ့ပါဘူး။ နောက်ဆုံးတစ်ခုပဲမေးပါတယ်။ ဒါ့ကြောင့်မို့လို့ ပြီးခဲ့တဲ့အပိုဒ်တွေနဲ့ပတ်သက်လို့ရော ဝန်ကြီးဌာနအနေနဲ့ ဘာများသဘောထားပေးရန်ရှိပါသလဲ။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောထားပေးစရာမရှိပါဘူး။ အားလုံးဆွေးနွေးချက်ကို သဘောတူကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ''လယ်ယာမြေဥပဒေကြမ်း'' နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ် ရန်တင်ပြသင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ဖြင့် ပြန်လည်ပေးပို့လာသော လယ်ယာမြေဥပဒေကြမ်းနဲ့စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို လွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ မိမိတို့လက်ဝယ်ရှိတဲ့ ဥပဒေကြမ်းများကို ကြည့်ပါခင်ဗျာ။ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ် ၁၊ ၂၊ ၃၊ ၄၊ ၅၊ အပိုဒ် ၃၆ တို့ကို သဘောမတူကြောင်း ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ၁၆၄၊ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လယ်ယာမြေဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၄ အရ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ်မှ ကျွန်တော် ဦးစောလှထွန်းက အဆိုတစ်ရပ်တင်သွင်းအပ်ပါတယ်။ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော လယ်ယာမြေဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ပေးပို့ခဲ့ရာပြည်သူ့လွှတ်တော်မှ သဘောတူညီမှုမရှိသည့် ပြင်ဆင်ချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတစ်ရပ်တင်သွင်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းတင်သွင်းသော အဆိုအား စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ကျွန်တော် ဦးခင်မောင်ရွှေမှ ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များ အပေါ် သဘောထားကွဲလွဲခြင်းများကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်

ကြောင်း အဆိုနဲ့စပ်လျဥ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ဖြင့် ပြန်လည်ပေးပို့သော လယ်ယာမြေဥပဒေကြမ်းနှင့်စပ်လျဥ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် သဘောထားကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန်အဆို အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာစားသုံးရန် လွှတ်တော်အစည်းအဝေးကို တစ်နာရီခွဲခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၂ း ၁၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[အစည်းအဝေးကို ၁ နာရီ ၃၀ မိနစ်ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၃ း ၄၅ ။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လယ်ယာမြေဥပဒေကြမ်း ဆွေးနွေးလို့ပြီးတဲ့အတွက် ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာကိစ္စရပ်များနှင့် စပ်လျဥ်း၍ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တည်းပဲ ခုနကကျွန်တော်တို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ ဦးစိုးနိုင်ရဲ့ လယ်ယာနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက ဦးဆောင်ပြီးတော့ ဥပဒေကြမ်းကို ပြန်လည်ဆွေးနွေးဖို့ဖြစ်ပါတယ်။ အဲ့ဒီတော့ ဦးစိုးနိုင်ရဲ့ အစီအစဥ်နဲ့ပဲလိုအပ်တဲ့ အဖွဲ့များကိုချိန်းဆိုပြီးတော့ ဆောင်ရွက်ပေးထားပါ။ ဒီဥပဒေကြမ်းကတော့ လာမယ့် တတိယအကြိမ် ပုံမှန်အစည်းအဝေးမှာပဲ ဆက်ဆွေးနွေးနိုင်မယ့်အနေအထားရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၂-၈-၂၀၁၁ ရက်နေ့မှာ လွှတ်တော်သို့တင်ပြပြီး တိုးချဲ့ဖွဲ့စည်းထားတဲ့ ဦးမောင်မောင်ဆွေ၊ နမ့်ဆန်မဲဆန္ဒနယ်မှ ဥက္ကဋ္ဌအဖြစ်တာဝန်ယူထားတဲ့ အမျိုးသမီးများနှင့် ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးကော်မတီရဲ့အမည်ကို လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Population and Social Development Committee)ဟု ပြင်ဆင်သတ်မှတ်သွားမှာဖြစ်ပါတယ်။ ဒီကိစ္စနှင့်စပ်လျဉ်းပြီး ဘာကြောင့်ပြင်ဆင်ရလဲဆိုတဲ့အကြောင်းကို ကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ဦးမောင်မောင်ဆွေက လွှတ်တော်သို့အတိုချုပ်ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ဆွေ(နမ့်ဆန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ကော်မတီရဲ့မူလအမည်ကတော့ အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီဆိုပြီးတော့ ဒီလိုလေး အမည်ပေးခဲ့ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ကော်မတီရဲ့ လုပ်ငန်းတာဝန်များမှာတော့ ကလေးသူငယ်ရော၊ အမျိုးသမီးရော၊ လူငယ်ရော၊ သက်ကြီးရွယ်အိုရော နောက် မသန်မစွမ်းတွေရော အားလုံးပါဝင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ကော်မတီအနေနဲ့ လုပ်ငန်းလုပ်ရမယ့်ပမာဏဟာ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းကြီးတစ်ခုလုံးဖြစ်နေတာကို တွေ့ရှိရပါတယ်။ တစ်ခါ နိုင်ငံတကာမှာ အဖွဲ့အစည်းတွေကို ဒီလိုအမည်ပေးတဲ့ဟာကို ပြန်ကြည့်ရင်လည်းပဲ Population နဲ့ Social Welfare ဆိုပြီးတော့မှ ဒီလိုသုံးကြတာများပါတယ်။ Population ဆိုတာ လူဦးရေမဟုတ်ဘဲနဲ့ လူထု၊ လူတန်းစားအလွှာအသီးသီးကိုကိုယ်စားပြုတဲ့ ဝေါဟာရအနေနဲ့ တွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ကတော့ လူဦးရေဆိုလို့ရှိရင် ဒါပြည်သူ့အင်အား ဒီလိုမျိုးသဘောတွေ့ရပါတယ်။ နောက် ကျွန်တော်တို့ ကော်မတီရဲ့လုပ်ငန်းတာဝန်တွေဟာ လူမှုရေးရာကိစ္စအဝဝဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ အမျိုးသမီးများနဲ့ ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးဆိုတဲ့ ဘောင်ကျဉ်းကျဉ်းလေးကနေ လူမှုကိစ္စအဝဝကို ဆောင်ရွက်ပေးမယ့် ကော်မတီဖြစ်တယ်လို့ဒီလို သဘောပေါက်တဲ့အတွက် ဒီလိုနာမည်ပြောင်းဖို့ရာအတွက်ကို တင်ပြတောင်းဆိုခြင်းပဲဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ချက်ကလည်း တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ လူမှုရေးကိစ္စဆိုတဲ့နေရာမှာ ကျန်းမာရေးကိစ္စကအများကြီးပါလာတဲ့အနေအထားရှိပါတယ်။ ကျွန်တော်တို့ အမျိုးသမီးများရော၊ ကလေးသူငယ်များရောဆိုတဲ့အခါမှာ ဒီကျန်းမာရေးကိစ္စမပါဝင်လို့ မရတဲ့အတွက် ကျွန်တော်ကတော့ ဒုတိယဥက္ကဋ္ဌကြီးကို ကျွန်တော်တို့ကော်မတီမှာ ဆရာဝန်တစ်ဦးပါဝင်သင့်ပါတယ်ဆိုပြီးတော့မှ တင်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ တောင်းဆိုထားတာကတော့ ဒေါက်တာမောင်မောင်ဝင့်ကို ကျွန်တော်တို့

ဒီကိစ္စရပ်တွေနဲ့လည်း တော်တော်လေးဆက်စပ်နေပြီးတော့မှ ဆရာဝန်တစ်ဦးလည်း ဖြစ်တယ်။ International Level ဆက်ဆံနေတဲ့အတွက်ကြောင့်မို့လို့ ဒေါက်တာမောင်မောင်ဝင့်ကို ကျွန်တော့်အနေနဲ့လည်း တောင်းဆိုကြောင်း ဥက္ကဋ္ဌကြီးကိုတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါ့ကြောင့် အဓိပ္ပာယ်ပိုမိုလေးနက်ကျယ်ဝန်းစွာ ဆောင်ရွက်နိုင်မယ့် ဦးမောင်မောင်ဆွေ၊ နမ့်ဆန်မဲဆန္ဒနယ်၊ ဥက္ကဋ္ဌအဖြစ်တာဝန်ယူထားတဲ့ အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီရဲ့အမည်ကို လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Population and Social Development Committee) ဟူ၍ ပြင်ဆင်သတ်မှတ်သွားမှာဖြစ်ပါတယ်။ ကော်မတီရဲ့အမည်ပြင်ဆင်မှုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူတဲ့အတွက် တင်ပြပါအတိုင်း ကော်မတီ၏အမည်ပြင်ဆင်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်ဆွေအဆိုပြုတင်ပြတဲ့ ဒုတိယအချက်ကတော့ မိမိတို့သီးခြားစဉ်းစားပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ဟာ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ နောက်ဆုံးရက်ဖြစ်ပါတယ်။ လွှတ်တော်အစည်းအဝေးကို စတင်တက်ရောက်ဖို့လာတဲ့အချိန်ကစတွက်မယ်ဆိုရင်သုံးလကျော်ခဲ့ပါပြီ။ ဒီသုံးလကျော်ကာလအတွင်းမှာ မိမိတို့လွှတ်တော်က ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များကို မျှော်လင့်ထားသည်ထက်ပို၍ အောင်မြင်စွာ ဆောင်ရွက်နိုင်တယ်လို့ပဲ သုံးသပ်တင်ပြရမှာဖြစ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၂၂-၈-၂၀၁၁ ရက်နေ့ကနေ စတင်ကျင်းပခဲ့ပါတယ်။ အစည်းအဝေးစတင်တဲ့ရက်မှာပဲ မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို တိုက်တွန်းပြောကြားမှုပြုခဲ့ပါတယ်။ အဲ့ဒီထဲက အဓိကကျတဲ့အချက်တွေကတော့ အတိတ်ကသင်ခန်းစာများကိုရယူပြီး ယနေ့ မျက်မှောက်ကာလမှာ ဆောင်ရွက်သင့်တဲ့ကိစ္စရပ်များကို မိမိတို့အားလုံးကရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိ၊ ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားဖို့၊ အဲ့လိုဆောင်ရွက်နိုင်ဖို့ဆိုရင် လွှတ်တော်မှာအရည်အချင်းရှိဖို့လိုကြောင်း၊ လွှတ်တော်ခိုင်မာတောင့်တင်းဖို့လိုကြောင်း၊ လွှတ်တော်ကို ခိုင်မြဲအောင်တည်ဆောက်ဖို့လိုကြောင်း တင်ပြခဲ့ပါတယ်။ ထို့အတူပဲ လွှတ်တော်ကိုယ်စားလှယ်အသီးသီးရဲ့ အရည်အချင်းတိုးတက်မြင့်မားနေအောင်ပုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုးဖြင့်လေ့ကျင့်ရန်လိုအပ်ကြောင်းနဲ့ စည်းလုံးညီညွတ်စွာနေဖို့၊ တစ်ဦးကိုတစ်ဦးနားလည်လေးစားကြဖို့နဲ့ ပြုမူဆောင်ရွက်မှုများဟာလည်း စည်းလုံးညီညွတ်မှုကိုမထိခိုက်စေတဲ့

ဆောင်ရွက်မှုများဖြစ်ဖို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်မှုဘာသာစွဲများမထားရှိတော့ဘဲ အများပြည်သူအကျိုး၊ ပြည်ထောင်စုအကျိုး၊ နိုင်ငံတော်အကျိုးအတွက်ဆောင်ရွက်ကြဖို့တိုက်တွန်းပြောကြားခဲ့ပါတယ်။ ထိုနည်းတူစွာပဲ မိမိတို့လွှတ်တော်ဟာ ဒီမိုကရေစီနှင့် ဒီမိုကရေစီရဲ့အနှစ်သာရများ စုစည်းတည်ရှိရာအဖွဲ့အစည်းဖြစ်သလို အာဏာသုံးရပ်ကိုလည်းမျှတစွာ ခွဲဝေကျင့်သုံးစေတဲ့ အဖွဲ့အစည်းကြီးဖြစ်ကြောင်းလည်း သတိပြုနိုင်အောင် ပြန်လည်တင်ပြခဲ့ပါတယ်။ ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူများရဲ့ သဘောဆန္ဒများကို သယ်ဆောင်လာပြီး ပြည်သူများအတွက်အကျိုးရှိမယ့် မေးခွန်းတွေ၊ အဆိုတွေ၊ ဥပဒေကြမ်းတွေအဖြစ် တင်ပြဆောင်ရွက်ဖို့၊ ဆွေးနွေးကြဖို့၊ အဲဒီလိုတင်ပြဆောင်ရွက်ဆွေးနွေးပြီးတဲ့အခါမှာ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေများ အလျင်အမြန်ပေါ်ထွက်ရေးအတွက်၊ ထို့အတူပဲ နိုင်ငံသားများရဲ့မူလအခွင့်အရေးနှင့် ဒီမိုကရေစီအရေး၊ လူအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးအတွက် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ဖို့ အလျင်အမြန်လိုအပ်တဲ့အတွက် ဆောင်ရွက် ပေးရန်လိုကြောင်း၊ ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းခဲ့တာလည်းရှိပါတယ်။ ထို့အတူပဲ လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ဥပဒေများကို ထပ်ဆင့်ထုတ်ပြန်ခွင့် အပ်နှင်းခြင်းခံရတဲ့ အဖွဲ့အစည်းအသီးသီးက ထပ်ဆင့်ထုတ်ပြန်တဲ့ ဥပဒေများဖြစ်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများသည် မူလလွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများနှင့်ညီညွတ်မှု ရှိ၊ မရှိ ဆန်းစစ်နေရမှာဖြစ်သလို၊ နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံသားအားလုံးက လိုက်နာကျင့်သုံးရေးနှင့် အပြန်အလှန် ထိန်းကျောင်းကူညီ ဆောင်ရွက်ရေးအတွက် တာဝန်ပေးအပ်မှာဖြစ်ကြောင်းလည်း တင်ပြခဲ့ပါတယ်။ တင်ပြခဲ့တဲ့ လွှတ်တော်ရဲ့ အဓိကတာဝန်နှစ်ရပ်ဖြစ်တဲ့ ဥပဒေပြုရေးတာဝန်နှင့် အပြန်အလှန်ထိန်းကျောင်းရေးတာဝန်ကို လွှတ်တော်ကဖွဲ့စည်းပေးလိုက်တဲ့ကော်မတီများ၊ ကော်မရှင်များက လွှတ်တော်ကို တာဝန်ခံဆောင်ရွက်မှာဖြစ်တဲ့အတွက် ဒီတာဝန်ကို အဓိကထားဆောင်ရွက်ရမည့်အဖွဲ့အစည်းမှာ တင်ပြပါ လွှတ်တော်ကော်မတီများ၊ ကော်မရှင်များသာဖြစ်တယ်ဆိုတာကိုလည်း တင်ပြခဲ့ပါတယ်။ ထို့အတူပဲ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောများနဲ့ ပြည်သူ့မျှော်လင့်ချက်များကို အလေးထားဆန်းစစ်ဝေဖန်သုံးသပ်ပြီး လက်တွေ့ နယ်ပယ်မှာ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် ဖြစ်ထွန်းစေမယ့်ဥပဒေများ အမြန်ပေါ်ထွန်းရေးနဲ့ ထိုဥပဒေများနှင့်အညီ နိုင်ငံသားအားလုံး၊ ပြည်သူအားလုံးနဲ့အဖွဲ့အစည်းအားလုံးက လိုက်နာကျင့်သုံးရေးအတွက် အထက်ကတင်ပြတဲ့အတိုင်း အချင်းချင်းအပြန်အလှန် ထိန်းညှိဆောင်ရွက်ရေးဟာ လွှတ်တော်မှာ

တာဝန်ရှိကြောင်းလည်း တင်ပြခဲ့ပါတယ်။ အဲ့ဒီလို တင်ပြချက်ပေါ်မူတည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ စည်းကမ်းရှိရှိ ဆောင်ရွက်ပေးတဲ့အတွက် မိမိတို့လွှတ်တော်အနေနဲ့ မိမိတို့မျှော်လင့်ထားတဲ့ အတိုင်းအတာထက် ပိုမိုအောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့လို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ကြောင်းနဲ့ အသိအမှတ်ပြု ပါကြောင်းလည်း တင်ပြလိုပါတယ်။ ကျင်းပခဲ့တဲ့ လွှတ်တော်ကာလအတွင်းမှာ မိမိတို့လွှတ်တော်ရဲ့ ဆောင်ရွက်မှုများကတော့၊ ဆောင်ရွက်နိုင်မှုများကတော့ မေးခွန်းပေါင်း ၅၀၆ ခု၊ အဆို ၅၁ ခု တင်သွင်း နိုင်ခဲ့ပါတယ်။ အဆို၊ မေးခွန်းများဆောင်ရွက်ပြီးစီးမှုအနေနဲ့ မေးခွန်းနေရာမှာ စိစစ်ခွင့်ပြုတဲ့မေးခွန်း ၅၀၆ ခု၊ ကြယ်ပွင့်ပြမေးခွန်း နှုတ်ဖြင့် ဖြေတာ ၃၃၇ ခု၊ ကြယ်ပွင့်ပြမေးခွန်းစာဖြင့်ဖြေကြားတာ ၅၄ ခု၊ ကြယ်ပွင့်မပြမေးခွန်းစာဖြင့်ဖြေတာ ၉၃ ခု၊ ရုပ်သိမ်းမေးခွန်း ၂၂ ခု ဖြစ်ပါတယ်။ အဆိုနဲ့ပတ်သက်ပြီး တင်သွင်းအဆိုပေါင်း ၅၁ ခုရှိပြီး အတည်ပြုအဆို ၁၈ ခု၊ အတည်မပြုအဆို ၂ ခု၊ မှတ်တမ်းတင်အဆို ၁၈ ခု၊ ရုပ်သိမ်းအဆို ၁၃ ခုဖြစ်ပါတယ်။ ဥပဒေကြမ်းများ ဆွေးနွေးဆောင်ရွက်မှုနှင့် ပတ်သက်လို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်ပါဝင်ကြတဲ့ ဥပဒေကြမ်း ၅ ခုကို ဥပဒေအဖြစ် ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်သို့ တင်သွင်းတဲ့ဥပဒေကြမ်း ၈ ခုအနက် ဥပဒေအဖြစ် ထုတ်ပြန်ပြီး ၂ ခု၊ ထုတ်ပြန်ရန်ကျန် ၂ ခုနှင့် ဆောင်ရွက်ဆဲ ၄ ခု ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က စတင်တင်သွင်းတဲ့ ဥပဒေကြမ်း ၁၀ ခု အနက် မိမိတို့လွှတ်တော်က ပါဝင်ဆွေးနွေးဆောင်ရွက်ပြီး ဥပဒေအဖြစ် ထုတ်ပြန်ပြီး ၅ ခု၊ ထုတ်ပြန်ရန်ကျန် ၁ ခုနှင့် ဆောင်ရွက်ဆဲ ၄ ခု ရှိပါတယ်။ ဒါ့ကြောင့် စာရင်းချုပ်မယ်ဆိုရင် စုစုပေါင်း တင်သွင်းပြီး ၂၃ ခု၊ ထုတ်ပြန်ပြီး ၁၂ ခု၊ ထုတ်ပြန်ပြီး ၁၂ ခုဆိုသည်မှာ ဥပဒေအဖြစ်ပြဋ္ဌာန်းပြီးကို ဆိုလိုပါတယ်။ ထုတ်ပြန်ရန်ကျန် ၃ ခုဖြစ်ပါတယ်။ ဆောင်ရွက်ဆဲ ၈ ခု ဖြစ်ပါတယ်။ ထုတ်ပြန်ရန်ကျန်ထဲကမှ ဆောင်ရွက်ဆဲ ၈ ခုဟာ လာမယ့်တတိယအကြိမ်လွှတ်တော်အစည်းအဝေးမှာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးရာမှာ အချို့မေးခွန်းများသည် မေးရန်မသင့်သော မေးခွန်းများ၊ ဥပဒေနဲ့မညီညွတ်သော မေးခွန်းများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တစ်နည်းမဟုတ်တစ်နည်း ထိခိုက်နိုင်သော မေးခွန်းများလည်းပါရှိလာတဲ့အတွက် လွှတ်တော်မှာ မေးမြန်းခြင်းမပြုတော့ဘဲနဲ့ အခြားနည်းနဲ့ ပြန်လည်ဖြေဆိုထားတာလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ သို့ရာတွင် များသောအားဖြင့် မေးခွန်းများ၊ အဆိုများ၊ ဥပဒေများဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့

အကျိုးစီးပွားနှင့်ဥပဒေပြုရေးကို အထောက်အကူပြုစေသော ဥပဒေပြုရေးကို ရှေးရှုစေသော မေးခွန်းများနှင့် အဆိုများဖြစ်ကြောင်း တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကို ထပ်မံတင်ပြလိုပါတယ်။ ဒါကတော့ မိမိတို့လွှတ်တော်ရဲ့ အခိကတာဝန်အပိုင်းပဲဖြစ်ပါတယ်။ မိမိတို့လွှတ်တော်ရဲ့ အခိကတာဝန်များကတော့ တင်ပြခဲ့တဲ့အတိုင်း ဥပဒေပြုရေးတာဝန်နဲ့ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရေးတာဝန်ပဲဖြစ်ပါတယ်။ ဒီလွှတ်တော်ရဲ့ အခိကတာဝန်ကို ထမ်းဆောင်ရာမှာ တင်ပြပါအတိုင်း လွှတ်တော်ကို တာဝန်ခံရမယ့် လွှတ်တော်ကော်မတီများ၊ ကော်မရှင်များဟာ အခိကအခန်းက ပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ၎င်းတို့နဲ့သက်ဆိုင်တဲ့ကဏ္ဍ နယ်ပယ်အသီးသီးအတွက် ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန်တို့အတွက် သက်ဆိုင်ရာနယ်ပယ်ကဏ္ဍမှာ ရှိနေကြတဲ့ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီးတို့နှင့် ညှိနှိုင်းတိုင်ပင် ထိန်းညှိကူညီဆောင်ရွက် သွားရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တည်ဆဲဥပဒေများကို ပြန်လည်လေ့လာသုံးသပ်ပြီး ဥပဒေတစ်ရပ်အား လေ့လာသုံးသပ်ရာမှာ -

(၁) ပြည်သူ့အကျိုးစီးပွားအား ကာကွယ်စောင့်ရှောက် နိုင်ခြင်း ရှိ၊ မရှိ၊

(၂) နိုင်ငံတော်အကျိုးစီးပွားအား ကာကွယ်စောင့်ရှောက် နိုင်ခြင်း ရှိ၊ မရှိ၊

(၃) ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိ၊

(၄) လက်တွေ့ဆောင်ရွက်နိုင်မှု ရှိ၊ မရှိ၊

(၅) အပြည်ပြည်ဆိုင်ရာဥပဒေများနဲ့ မိမိတို့နိုင်ငံကလက်ခံကျင့်သုံးနေသော Convention များ၊ Treaty များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ

တို့ကို သုံးသပ်ပြီးမှ ဥပဒေပြုခြင်းလုပ်ငန်းများကိုဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဥပဒေပြဋ္ဌာန်းမှုဟာ မိမိတို့လွှတ်တော်အတွင်း အခိကတာဝန်ရှိတဲ့အတွက် ဥပဒေပြဋ္ဌာန်းရေးကို အလေးအနက်ထား စဉ်းစားဆောင်ရွက်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ မိမိတို့ဖွဲ့စည်းဆောင်ရွက်ခဲ့တဲ့ကော်မတီများ၊ ကော်မရှင်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ နှင့် ၁၁၈ တို့နဲ့အညီဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒီလိုကော်မတီတွေ၊ ကော်မရှင်တွေဖွဲ့စည်းဆောင်ရွက်ချက်ဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဖွဲ့စည်းခြင်းဖြစ်တယ်ဆိုတာကို နားလည်လက်ခံဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့ရာတွင် မှန်ကန်သောအမြင်မရှိသူတချို့က ဒီလိုဖွဲ့စည်းဆောင်ရွက်တာဟာ မလိုအပ်ဘဲနဲ့လုပ်တယ်။ အဖွဲ့အစည်းကိုချုပ်ကိုင်ချင်လို့လုပ်တယ်ဆိုပြီး ပြောဆိုမှုများကြားရတဲ့အတွက် ဝမ်းနည်းစိတ်မကောင်းဖွယ်ရာဖြစ်ပါတယ်။ တကယ်တော့ အစိုးရအဖွဲ့သည်လည်းကောင်း၊ ဥပဒေပြုအဖွဲ့သည်လည်းကောင်း၊ တရားစီရင်ရေးအဖွဲ့သည်လည်းကောင်း၊ နိုင်ငံသားများရဲ့ အလုံးစုံသောအချုပ်အခြာအာဏာကို

ခွဲဝေကျင့်သုံး၍ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းစေပြီး နိုင်ငံတော်နှင့် ပြည်သူများအကျိုးစီးပွား အတွက်ဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။ သို့ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကောင်းစွာ နားလည်သဘောပေါက်မှုမရှိသော သူတချို့ရဲ့ အမြော်အမြင်နည်းပါးစွာ ပြောဆိုပြုမူမှုများဟာ နိုင်ငံတော်တာဝန်ကိုကဏ္ဍအလိုက် သူ့နေရာနဲ့သူထမ်းဆောင်နေကြတဲ့ အဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ် များရဲ့ စည်းလုံးညီညွတ်မှုကိုပျက်ပြားစေမှာလည်း မိမိတို့စိုးရိမ်ပါတယ်။ အမှန်ကတော့ မိမိတို့ရဲ့ ဆောင်ရွက်မှုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လိုအပ်ချက်အပေါ်မူတည်၍ စနစ်တကျဖွဲ့စည်း တာဝန်ပေးထားခြင်းပဲဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီနဲ့ ကော်မရှင်အသီးသီးတို့ဟာ သက်ဆိုင်ရာ မိမိတို့ တာဝန်ယူသောကဏ္ဍများရှိ ဥပဒေများသည် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကို မဖော်ဆောင်နိုင်သော ဥပဒေများဖြစ်ပါက ယင်းဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ပြီး နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေမယ့် ဥပဒေများရေး ဆွဲနိုင်ရေးအတွက် လွှတ်တော်သို့ ကော်မတီအလိုက် စတင်တင်ပြရမှာဖြစ်သလို မိမိတို့ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေများနဲ့ ဆင့်ပွားဖြစ်ပေါ်လာတဲ့ဥပဒေများအား မူလဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ လေ့လာဆန်းစစ် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သက်ဆိုင်ရာကော်မတီအသီးသီး အခန်းကဏ္ဍအလိုက်၊ နယ်ပယ်အလိုက် တာဝန်ယူရမယ့်ဥပဒေများလေ့လာနိုင်ဖို့အတွက် ယနေ့ကော်မတီဥက္ကဋ္ဌများရဲ့ ရှေ့မှောက်မှာ ယနေ့နိုင်ငံတော်မှာရှိနေတဲ့တည်ဆဲဥပဒေများ ဖြန့်ဝေတင်ပြထားပြီးဖြစ်ပါတယ်။ ဒီ တည်ဆဲဥပဒေများက ထပ်ဆင့်ပေါ်ထွက်လာတဲ့ အဆင့်ဆင့်သော ဥပဒေများဟာလည်း တည်ဆဲဥပဒေ များအတိုင်း ညီညွတ်မှု ရှိ၊ မရှိ။ မှန်ကန်မှု ရှိ၊ မရှိ ပြန်လည်စိစစ်ဆောင်ရွက်ပြီး မိမိတို့ရဲ့ လုပ်ငန်းတာဝန်များကို တာဝန်ကျေစွာဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အဓိကအနှစ်သာရမှာအချုပ် အခြာအာဏာဖြစ်ကြောင်းနဲ့ဥပဒေပြုရေးအာဏာ၊အုပ်ချုပ်ရေးအာဏာ၊တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲတာဝန်ယူစေခြင်းဖြစ်ပါတယ်။ ထိုအာဏာသုံးရပ်အား လူတစ်ယောက်၊ လူတစ်ဖွဲ့တွင်ထားရှိပါက အာဏာရှင်လမ်းကြောင်းပေါ်သို့ရောက်ရှိသွားနိုင်သဖြင့် ထိုသို့မဖြစ်ပွား စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ကာကွယ်လုပ်ဆောင်ပေးထားခြင်းဖြစ်ပါတယ်။ ယနေ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ၊ တည်ငြိမ်အေးချမ်းမှုရှိသောနိုင်ငံများကို လေ့လာသုံးသပ်လျှင် အာဏာသုံးရပ်အားခွဲဝေကျင့်သုံးရေးအတွက် သူ့နည်းသူ့ဟန်၊ သူ့ပုံစံဖြင့် ဆောင်ရွက်ထားသည် များကိုလည်းတွေ့ရှိရမှာဖြစ်ပါတယ်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပါ ဆိုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အနှစ်သာရကို သိရှိလိုက်နာဆောင်ရွက်ရန် အရေးကြီးပါတယ်။

သို့ရာတွင်မိမိတို့နိုင်ငံအတွင်းမှာ လွှတ်တော်အတွေ့အကြုံများနည်းပါးခြင်း၊ တာဝန်ရှိခြင်းနှင့်တာဝန်ခံမှုအလေ့အထနည်းပါးခြင်းများကြောင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှုခံယူဖို့အတွက်မဝံ့မရဲဖြစ်နေတဲ့အနေအထားကတစ်ဆင့် တဖြည်းဖြည်းအချင်းချင်းအပြန်အလှန် ထိန်းကျောင်းမှုဖြစ်ပေါ်ရေးဟာတကယ်လိုအပ်တယ်၊လုပ်ဆောင်ရမယ်ဆိုတဲ့ခံယူချက်နဲ့အတူ ရောက်ရှိလာအောင်လုပ်ဆောင်သွားဖို့လိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြီးခဲ့တဲ့လွှတ်တော်အစည်းအဝေးများမှာ အောင်မြင်မှုရလဒ်များ များစွာရရှိခဲ့တယ်ဆိုသော်လည်း အောက်ပါအားနည်းချက်များ တွေ့ရှိခဲ့ရပါတယ်။ လွှတ်တော်၊ လွှတ်တော်ရုံးရဲ့အားနည်းချက်တွေကတော့-

(၁) လွှတ်တော်အစည်းအဝေးအစီအစဉ်များထုတ်ပြန်ပေးရာမှာ အချိန်ကပ်၍ နောက်ကျပြီးထုတ်ပြန်ပေးခဲ့ခြင်း၊

(၂) အစည်းအဝေးအစီအစဉ်များအား မကြာခဏပြောင်းလဲလုပ်ဆောင်ခဲ့ရခြင်း၊

(၃) လွှတ်တော်ရှိ ဦးစီးအဖွဲ့ဝန်ထမ်းများအင်အားနည်းပါးလွန်းခြင်းနဲ့ လွှတ်တော်အတွေ့အကြုံနည်းပါးခြင်းတို့ကြောင့် တချို့ကိစ္စများမှာလွဲမှားမှုများရှိခဲ့ပါတယ်။ ဒီနေ့ပြုလုပ်တဲ့ဥပဒေကြမ်းအစည်းအဝေးနဲ့ မနေ့ကပြုလုပ်ခဲ့တဲ့ ဥပဒေကြမ်းအစည်းအဝေးမှာ Typing Error လို့ပြောဆိုနိုင်သော်လည်း တချို့စာများကျန်ရှိနေခြင်းဟာ ဆွေးနွေးတဲ့နေရာမှာ များစွာခက်ခဲမှုတွေရှိခဲ့တာတွေ့ရမှာဖြစ်ပါတယ်။ ဒါကလည်း လွှတ်တော်ဦးစီးအဖွဲ့ဝန်ထမ်းများအနေနဲ့ အင်အားနည်းပါးလွန်းခြင်း၊ လွှတ်တော်အတွေ့အကြုံနည်းခြင်းတို့ကြောင့်ဖြစ်တယ်လို့ပဲ ဝန်ခံပြောဆိုရမှာဖြစ်ပါတယ်။ လွှတ်တော်ရုံးဝန်ထမ်းများ နေ့စဉ်ရက်ဆက် တစ်ခါတစ်ခါညပိုင်းမှာ မည်သည့်အချိန်အထိဆောင်ရွက်နေရတယ်ဆိုတာကိုလည်း လေ့လာမယ်ဆိုရင်တွေ့ရှိရမှာဖြစ်ပါတယ်။

(၄) လွှတ်တော်ဥက္ကဋ္ဌသည်ပင်လျှင် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်ကိုအလေးထားဆောင်ရွက်မှုများလွန်းခြင်းကြောင့် အချိန်အကန့်အသတ်၊ အခက်အခဲများဖြစ်ပေါ်ပြီးပြဿနာမဟုတ်သော နောက်ဆက်တွဲကိစ္စရပ်များကို ကတိုက်ကရိုက်ဖြေရှင်းပေးနေရတာလည်းရှိပါတယ်။ ဒါဟာ လွှတ်တော်၊ လွှတ်တော်ရုံးနဲ့ လွှတ်တော်ဥက္ကဋ္ဌတို့ရဲ့အားနည်းချက်များဖြစ်ပါတယ်။

ထိုနည်းတူစွာပဲ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အားနည်းချက်များကိုလည်း အောက်ပါအတိုင်း ဖော်ထုတ်ရရှိပါတယ်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း၊ မိမိတို့တိုက်ရိုက်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်လည်းကောင်း ဆက်စပ်သည့် ဥပဒေ၊ နည်းဥပဒေများကို လေ့လာမှု အားနည်းနေသေးခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာရှင်းပါတယ်။ မိမိတို့နဲ့တိုက်ရိုက် သက်ဆိုင်တဲ့ဥပဒေဆိုသည်မှာ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာနည်းဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဆိုင်ရာ ခုံရုံးနည်းဥပဒေများသည် မိမိတို့နဲ့ တိုက်ရိုက်သက်ဆိုင်သော ဥပဒေများဖြစ်ပါတယ်။ အဲဒီဥပဒေများကို မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်သုံးသပ်ကြည့်ပါ။ မည်မျှအထိ ဖတ်ကြားထားသလဲ။ မည်မျှအထိလေ့လာထားသလဲ။ မိမိအမြင်ကတော့ လေ့လာမှုအားနည်းနေသေးတယ်ဆိုတာ တွေ့ရှိတင်ပြခြင်းဖြစ်ပါတယ်။

(၂) ဥပဒေကြမ်းများအား ဖတ်ရှုလေ့လာထားရှိမှု၊ ဥပဒေကြမ်းအပေါ် လေ့လာဆန်းစစ်မှုများ များစွာအားနည်းနေပါတယ်။

(၃) တချို့လွှတ်တော်ကိုယ်စားလှယ်များဟာ ပွင့်လင်းရိုးသားစွာ ထုတ်ဖော်ပြောဆိုရန် ရဲရင့်မှုမရှိသေးခြင်း၊ သတ္တိမရှိသေးခြင်းဟာလည်း လွှတ်တော်ရဲ့ဂုဏ်အင်္ဂါနဲ့ လွှတ်တော် ရဲ့ အဓိကလိုအပ်ချက်ကို နှောင့်နှေးမှုများ ဖြစ်စေပါတယ်။

(၄) အထက်ပါအချက်သုံးချက်ကြောင့် လွှတ်တော်အတွင်းမှာ နောက်ဆက်တွဲ ပြဿနာ မဟုတ်သောကိစ္စရပ်များဟာ ယနေ့တွေ့ကြုံမှုမျိုး၊ မနေ့ကတွေ့ကြုံမှုမျိုးဖြစ်ပြီးတော့ ပြန်လည်သုံးသပ်ဆွေးနွေးဖို့ ပြန်လည်တာဝန်ပေးရတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ဒီနေ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတင်ပြသလို လွှတ်တော်ရဲ့ဆုံးဖြတ်ချက်ရပြီးမှ ပြန်လည်တင်ပြနေခြင်းဟာ လုပ်ထုံးလုပ်နည်းနဲ့ ညီညွတ်မှုမရှိပါ။ သို့ရာတွင် မိမိ တင်ပြထားသလို လွှတ်တော်အတွေ့အကြုံနည်းပါးမှုကြောင့် ဒီလိုဖြစ်ခဲ့ရတဲ့အပေါ် မူတည်ပြီး ဒီတစ်ကြိမ်တော့ ဒီလိုလက်ခံဆောင်ရွက်မှာဖြစ်သော်လည်း နောက်နောင် အကြိမ်များမှာတော့ ဤကဲ့သို့ဖြစ်စဉ်ကိစ္စရပ်မျိုးအတွက် ဆောင်ရွက်ပေးမှာမဟုတ် ကြောင်းလည်း လွှတ်တော်ကိုတင်ပြလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုရာမှာ မူလဥပဒေ (Substantive Law)အပြင် ဆင့်ပွားထပ်ဆင့်ထုတ်ပြန်တဲ့ အဆင့်ဆင့်ဥပဒေ (Procedural Law)များကရှိပြီး တင်ပြခဲ့တဲ့အတိုင်း လေ့လာသုံးသပ်ရမှာဖြစ်ပါတယ်။ ဒီလိုလေ့လာသုံးသပ်တဲ့နေရာမှာ လွှတ်တော်များ မပေါ်ပေါက်မီက

သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းအသီးသီးမှ ပြဋ္ဌာန်းထုတ်ပြန်ခဲ့တဲ့ ဥပဒေများဟာ ယနေ့ကာလမှာ တည်ဆဲဥပဒေများအဖြစ် တည်ရှိနေတယ်ဆိုလို့ရှိရင်လည်း ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူသောမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသောဥပဒေများအဖြစ် ခံယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် တင်ပြပါဥပဒေများကို ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်တဲ့နေရာမှာ တည်ဆဲဥပဒေများကိုပါ ပြန်လည်လေ့လာသုံးသပ်ပြီး တင်ပြခဲ့တဲ့အတိုင်း ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းသည် ကျွန်တော်တို့လွှတ်တော်ရဲ့ ဥပဒေပညာရှင်များရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က ဥပဒေပြုခြင်းမည်ပါတယ်။ ဥပဒေပြုခြင်းမည်သည်မှာ ဥပဒေကိုအသစ်ပြုခြင်း၊ ပြဋ္ဌာန်းခြင်းဖြစ်သလို တည်ဆဲဥပဒေများကိုပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းဟာလည်း ဥပဒေပြဋ္ဌာန်းခြင်းမည်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကို ပြန်လည်လေ့လာသုံးသပ်တဲ့နေရာမှာ တင်ပြပါအတိုင်းတည်ဆဲဥပဒေများသည် မပျက်ပြယ်သရွေ့ မိမိတို့လွှတ်တော်များက အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေများအဖြစ်ခံယူပြီး ဥပဒေပြုရေး၊ အချင်းချင်းအပြန်အလှန်ထိန်းညှိရေးအတွက် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးအနေနဲ့တင်ပြချင်တာက လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက် အမှန်တကယ်ဆောင်ရွက်လိုတဲ့ဆန္ဒရှိရင် ဒီနေ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျွန်တော်တို့တွေ သစ္စာပြုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည်ပင်လျှင် တည်ဆဲဥပဒေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပြီး မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ တာဝန်ကျေသော၊ ပြည်သူအပေါ် သစ္စာရှိသော ပြည်သူ့ကိုယ်စားလှယ်၊ ပြည်သူ့သားကောင်းများအဖြစ် ဆက်လက်ရပ်တည်ဆောင်ရွက်သွားနိုင်ရေးအတွက် အလေးအနက်ထားတိုက်တွန်းမှာကြားတင်ပြရင်း နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယပုံမှန်အစည်းအဝေး ရုပ်သိမ်းကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒီနေ့မှာ ပြီးစီးကြောင်းနဲ့ ရုပ်သိမ်းကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄ း ၄၂ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး ၅၁ ရက်မြောက်နေ့ကို ၁၄း၄၂ နာရီအချိန်တွင် ပြီးဆုံးပါသည်။]